ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန







# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး

## လက်စွဲ

နေပြည်တော်၊ မြန်မာနိုင်ငံ
၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂)ရက်

# မာတိကာ


၁။ နိဒါန်း ၁

၂။ ကျေးရွာအခြေအနေနှင့် ကျေးရွာစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ကိန်းဂဏန်း၊ အချက်အလက်များ ၂

၃။ ကျေးရွာလူထုကိုယ်တိုင် ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းလုပ်ငန်းစဉ်(PRA တွင် အသုံးပြုသောနည်းများ နှင့် လုပ်နည်းကိုင်နည်းအဆင့်ဆင့်) ၁၁

(က) စီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များ ၁၁

၄။ PRA လေ့ကျင့်ခန်း ချဉ်းကပ်ဆောင်ရွက်ခြင်း ၁၄

(က) ဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် အချိန်ကာလ ၁၄

(ခ) PRA လုပ်ငန်းစဉ် ဆောင်ရွက်မည့် အဆင့် (၇)ဆင့် ၁၆

(ဂ) PRA လုပ်ငန်းစဉ်အဆင့်(၇)ဆင့်ဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲရေးဆိုင်ရာအသေးစိတ်အချက်အလက်များ ၁၉

၅။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ ၅၁

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက် ၅၁

(ခ) လုပ်သားအင်အား ၅၁

(ဂ) စိုက်ပျိုးနိုင်သောမြေဧရိယာ ၅၂

(ဃ) ဥစ္စာဓနအဆင့်အနေအထား ၅၄

(င) ထိခိုက်လွယ်မှု ၅၄

၆။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ၅၇

(က) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ ၅၇

(ခ) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏အခြေအနေ ၅၈

(ဂ) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှုအခြေအနေ ၅၉

(ဃ) စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၅၉

(င) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု ၆၈

(စ) ပညာရေး ၇၀

(ဆ) ကျန်းမာရေးနှင့်အာဟာရ ၇၂

(ဇ) လမ်းတံတားတည်ရှိမှု ၇၄

(ဈ) လျှပ်စစ်မီးရရှိမှု ၇၅

(ည) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး ၇၆

(ဋ) ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ ၇၇

၇။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ ၊ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ ၇၈

(က) ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ ၇၈

(ခ) ရင်ဆိုင်ကျော်လွှားရမည့်အဟန့်အတားများ ၈၁

၈။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၈၇

၉။ ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၉၁

၁၀။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၉၁

(က) တာဝန်ယူဆောင်ရွက်မှုအခြေခံ နှင့် ရင်းနှီးမြှုပ်နှံမှုအခြေခံ ၉၁

(ခ) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုတွင် ဖော်ထုတ်ရရှိသည့်စီမံကိန်းများ အကျဉ်းချုပ်တင်ပြချက်နမူနာ ၉၃

၁၁။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ထည့်ဝင်မှုဗျူဟာ ၁၀၂

၁၂။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၁၀၄

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring) ၁၀၅

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၁၀၆

(ဂ) နည်းပညာဆိုင်ရာအကူအညီ ၁၀၇

၁၃။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၁၀၈

(က) ကျေးရွာလူထု (လူထုခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအခန်းကဏ္ဍ) ၁၀၈

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း ၁၀၈

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၁၀၈

၁၄။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ နည်းစနစ်များ ၁၀၉

## ၁။ နိဒါန်း

ဤလက်စွဲစာစောင်သည် ပီအာအေကျွမ်းကျင်သူများ၊ကျေးရွာဖွံ့ဖြိုးရေးလုပ်သားများနှင့် မြို့နယ်ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲသူများ အား ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင် လမ်းညွှန်မှုပေးနိုင်ရန် ရည်ရွယ်ပါသည်။ ကောက်ယူရမည့် ကိန်းဂဏန်းအမျိုးအစားနှင့် ပမာဏကို တိတိကျကျလမ်းညွှန်ပေးပါသည်။ ၎င်းတို့ကို အောက်ပါအတိုင်း ကောက်ယူရရှိနိုင်ပါမည်။

(က) ကျေးရွာသူရွာသားများနှင့် အတူ ပီအာအေလေ့ကျင့်ခန်းပြုလုပ်ခြင်းအားဖြင့်၎င်း၊

(ခ) ၎င်းတို့ကို ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေး၊ သားဖွားဆရာမ၊ ကျန်းမာရေးလုပ်သား၊ မိဘဆရာ အသင်းဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဦးစီးမှူးများ၊ ကုန်သည်ပွဲစားစသည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမေးမြန်း၍ လည်းကောင်း၊

(ဂ) ဌာနဆိုင်ရာနေရာများဖြစ်သော ကျန်းမာရေးဆေးခန်း၊ မူလတန်းနှင့်မူလတန်းလွန်ကျောင်းများ၊ အစိုးရဌာနများနှင့် ကျေးရွာအုပ်စု၊မြို့နယ်အာဏာပိုင်အဖွဲ့အစည်းမှပုဂ္ဂိုလ်များ၊ ဘဏ်များ၊ စီးပွားရေးအသင်းအဖွဲ့များထံမှဆွေးနွေးရယူခြင်းဖြင့်လည်းကောင်း ရယူပါမည်။

ပီအာအေမှ ထွက်ပေါ်လာသည့် သတင်းအချက်လက်များကို စနစ်တကျတည်ဆောက်ထားသော အစီအစဉ်ရေးဆွဲရေးအထောက် အကူပြုဇယားတွင် တိကျမှန်ကန်စွာ ဖြည့်သွင်းရန် နည်းလမ်းနှင့် သဘောတရားများကို ဤလမ်းညွှန်တွင် ဖော်ပြထားပါသည်။

ပီအာအေ လေ့ကျင့်ခန်းတွင် ဆွေးနွေးမေးမြန်းရာမှ ရရှိလာသည်များကို အစီအစဉ်ရေးဆွဲရေးအထောက်ကူပြုဇယားတွင် ထည့်ပြီး ပါ က ကိန်းဂဏန်းမှတဆင့် သတင်းအချက်လက်၊ ထိုမှတဆင့်ဖွံ့ဖြိုးရေးအတွေးအမြင်တစ်စုံတစ်ရာရရှိစေရန်အတွက် အဆင့်ဆင့် ဆောင်ရွက်ရန် အသင့်ဖြစ်စေပါမည်လက်စွဲ အသုံးပြုသူများဖြစ်သည့် ပီအာအေကျွမ်းကျင်သူများနှင့် ဖွံ့ဖြိုးရေးလုပ်သားများသည် အောက်ဖော်ပြပါအဆင့်များကို အစီအစဉ်တကျ လိုက်နာ၊ဆောင်ရွက်ရန်လိုအပ်ပါသည်။

အဆင့်(၁) – ပီအာအေ လေ့ကျင့်ခန်းပြုလုပ်၍ ကိန်းဂဏန်းသတင်းအချက်လက်များနှင့် ဖွံ့ဖြိုးရေးအတွေးအမြင်တို့ကို စုဆောင်း မှတ်သားပါ။ ဤသို့မှတ်သားရာတွင် ဗဟုသုတ ကြွယ်ဝသော ရွာမိရွာဖများ၊ အုပ်ချုပ်ရေးမှူးများထံမှ မေးမြန်းရယူပါ။ ကျေးရွာဆေးခန်း၊ မူလတန်းကျောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့မှ၎င်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် အာဏာပိုင်များထံမှ ကောက်ယူပါ။

အဆင့် (၂) – ကျေးရွာ၏ လူမှုစီးပွားဆိုင်ရာ အကြောင်းအရာများ၊ လက်ရှိကျေးရွာ၏အခြေအနေ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေမည့် အချက်များ၊ အဟန့်အတားဖြစ်စေမည့် အခက်အခဲများ စသည့်အကြောင်းအရာများကို အစီအစဉ်ရေးဆွဲရေးအထောက်ကူပြုဇယားတွင် မှန်ကန်စွာဖြည့်ပါ။ ထို့နောက် ဇယားအချင်းချင်း အပြန်အလှန်ကိုက်ညီမှုရှိမရှိ၊ ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များ ဖော်ပြရာတွင် တနေရာနှင့်တနေရာ ကိုက်ညီမှုရှိ မရှိစစ်ဆေးပါ။ ကိန်းဂဏန်းနှင့် သတင်းအချက်လက်များ ဖြစ်တည်နေပုံအမျိုးမျိုးနှင့် ဤသို့ဖြစ်ရသည့်အကြောင်းများကို ဖော်ထုတ်ခြင်းဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိအမြင်တို့ကို ရရှိလာပါမည်။

အဆင့်(၃) ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်ကူပြုဇယားကို ဖွံ့ဖြိုးရေးအသိအမြင် များဖြင့်အတူ အသုံးပြုပြီး လူမှုစီးပွားရေးနှင့် လူထုဖွံ့ဖြိုးရေး အကြောင်းတရားတို့ကိုဆန်းစစ်လေ့လာပါ ။ ဤသို့ပြုလုပ်ရာတွင် အကျဉ်းချုပ်သာပြုလုပ်ပါ။ စာရင်းစီစစ်ခြင်းနည်းလမ်းများကို မသုံးပါနှင့်။

အဆင့်(၄) ထို့နောက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ကို အပြီးသတ်ရေးပါ။

### ၂။ ကျေးရွာအခြေအနေနှင့် ကျေးရွာ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ကိန်းဂဏန်း၊ အချက်အလက်များ

VIllage Profile အတွက် စုဆောင်းထားသောကိန်းဂဏန်း၊ အချက်အလက်များတွင် ကျေးရွာလူဦးရေနှင့် လူဦးရေနှင့် သက်ဆိုင်သော အချက်အလက်များ၊ ကျေးရွာလူမှုရေး၊ စီးပွားရေးအခြေအနေ နှင့် ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများပါဝင်ပါသည်။ အောက်ပါဇယားသည် ဖြစ်နိုင်ခြေရှိသော အရင်းအမြစ်များမှ ကောက်ယူရရှိသော Primary data နှင့် secondary data များကို အသေးစိတ်ဖော်ပြထားပါသည်။

| Primary data and information | Source | Description | Secondary Data Source |
|---|---|---|---|
| **လူဦးရေနှင့် လူဦးရေနှင့်သက်ဆိုင်သော အချက်အလက်များ** | | | |
| ၁။ | | **၁. လူဦးရေ၊ လူဦးရေနှင့် သက်ဆိုင်သော အချက်အလက်များ** | Township population department |

| Primary data and information | Source | Description | Secondary Data Source |
|---|---|---|---|
| **လူမှုစီးပွားရေး အခြေအနေများ** | | | |
| ၂။ သဘာဝအရင်းအမြစ်ကို အခြေပြု၍<br>၂.၁.မြေယာ အရင်းအမြစ်<br>၂.၂ဆည်ရေသောက်ဧရိယာ<br>၂.၃အဓိကသီးနှံ နှင့် ထွက်ရှိမှု<br>၂.၄ပြဿနာ နှင့် အလားအလာရှိမှု | PRA: သံယံဇာတပြမြေပုံ, ဦးတည်အုပ်စု ဆွေးနွေးခြင်း | ၂.သဘာဝအရင်းအမြစ်ကို အခြေခံ၍<br>၂.၁ မြေယာ အရင်းအမြစ်<br>၂.၂ ဆည်ရေသောက်ဧရိယာ<br>၂.၃ အဓိကသီးနှံ နှင့် ထွက်ရှိမှု<br>၂.၄ ပြဿနာ နှင့် အလားအလာရှိမှု | မြို့နယ်အဆင့် ဌာဆိုင်ရာများ (မြေစာရင်းဦးစီးဌာန၊ သစ်တောနှင့် ဆည်မြောင်းဦးစီးဌာန) |
| ၃။ အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းအမျိုးစားများ | ကျေးရွာလုံးကျွတ်အစည်းအဝေး(PRA)အုပ်စုတိုင်းနှင့် ဦးတည်အုပ်စု ဆွေးနွေးခြင်း | ၃။ အိမ်ထောင်စုများ၏ အဓိက အလုပ်အကိုင် အခြေအနေ | ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး |
| ၄။ ဓနအဆင့် နှင့် ဝင်ငွေအဆင့်နှင့် ဝမ်းစာဖူလုံမှု အခက်အခဲ | PRA: ဓနအဆင့် ခွဲခြားခြင်းလေ့ကျင့်ခန်း | ၄။ | |
| **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ** | | | |
| ၅။ ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ ပုံစံနှင့်အဖွဲ့အစည်းများ၏ အခက်အခဲများ | PRA: ရွာတွင်း/ပြင်ပရှိ အဖွဲ့အစည်းများ၏ ဆက်စပ်မှုကို ပြသောပုံ | ၅။ | |
| . ၆။ ပြင်ပအဖွဲ့အစည်းများနှင့် ၎င်းတို့၏လုပ်ငန်းများ | PRA: ရွာတွင်း/ပြင်ပရှိ အဖွဲ့အစည်းများ၏ | ၆။ ပြင်ပရှိ အဖွဲ့အစည်းများ နှင့် ၎င်းတို့ ပံ့ပိုးသည့် လုပ်ငန်းများ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦ'စီးဌာန၊ စီမံကိန်း |

| Primary data and information | Source | Description | Secondary Data Source |
|---|---|---|---|
| | ဆက်စပ်မှုကို ပြသောပုံ | | ဦးစီးဌာန နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး |
| ၇။ သီးနှံထုတ်လုပ်မှုအခြေအနေ<br>• စိုက်ပျိုးသီးနှံအလိုက်ထုတ်လုပ်မှုအခြေအနေ<br>• တိုးတက်ထုတ်လုပ်နိုင်ရန် အခွင့်အလမ်းများ၊ အခက်အခဲများ | PRA: Resource map and FGD with farmers | • စိုက်ပျိုးသီးနှံအလိုက်ထုတ်လုပ်မှု အခြေအနေ<br>• တိုးတက်ထုတ်လုပ်နိုင်ရန် အခွင့်အလမ်းများ၊ အခက်အခဲများ | |
| ၈။ တိရစ္ဆာန် ပိုင်ဆိုင်မှု ( ကျွဲ၊ နွား၊ ဆိတ်၊ မြင်း၊ လား) | PRA: ကျေးရွာလူထု အစည်းအဝေး | ၇။ | |
| ၉။ တိရစ္ဆာန်ထုတ်လုပ်မှု တိုးတက်လာဖို့ အခွင့်အလမ်းနှင့်အဟန့်အတားများ | PRA:ကျေးရွာသံယံဇာတမြေပုံ နှင့် လယ်သမားအုပ်စုနှင့် ဦးတည်အုပ်စု ဆွေးနွေးခြင်း | ၈။ မွေးမြူရေးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်း၊ အဟန့်အတားများ | မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန |
| ၉။ ငါးလုပ်ငန်းနှင့် ပတ်သက်သော အရင်းအမြစ်များ – ရေချို နှင့် ရေငံငါးလုပ်ငန်းနှင့် ပတ်သက်သော အရင်းအမြစ်များ | PRA: ကျေးရွာသံယံဇာတ မြေပုံ နှင့် လယ်သမားအုပ်စု နှင့် ဦးတည်အုပ်စု ဆွေးနွေးခြင်း | ၉။. ငါးလုပ်ငန်းနှင့် ပတ်သက်သော အရင်းအမြစ်များ – ရေချို နှင့် ရေငံ ငါးလုပ်ငန်နှင့် ပတ်သက်သော အရင်း အမြစ်များ | မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးရုံး |
| ၁၀။ ငါးလုပ်ငန်းနှင့် ပတ်သက်သော အရင်းအမြစ်များ – | PRA:ကျေးရွာသံယံဇာတမြေပုံ နှင့် လယ်သမားအုပ်စုနှင့် | ၁၀။ ငါးလုပ်ငန်းနှင့် ပတ်သက်သော အရင်းအမြစ်များ – ရေချို နှင့် ရေငံ | ငါးလုပ်ငန်းနှင့် ပတ်သက်သော အရင်းအမြစ်များ – |

| Primary data and information | Source | Description | Secondary Data Source |
|---|---|---|---|
| ငါးကန်၊ ငါးဖမ်းလှေ၊ ငါးဖမ်းခြင်းနှင့်ပတ်သက်သောပစ္စည်းများ၊ ငါးဖမ်းပိုက် | ဦးတည်အုပ်စု ဆွေးနွေးခြင်း | ငါးလုပ်ငန်းနှင့် ပတ်သက်သောအရင်းအမြစ်များ | ရေချို နှင့် ရေငံ ငါးလုပ်ငန်းနှင့် ပတ်သက်သော အရင်းအမြစ်များ |
| ၁၁။. ငါးထုတ်လုပ်မှု တိုးတက်လာစေရန် အတွက်အခွင့်အလမ်း၊ အဟန့်အတားများ | PRA: ကျေးရွာသံယံဇာတ မြေပုံ နှင့် လယ်သမားအုပ်စု နှင့် ဦးတည်အုပ်စု ဆွေးနွေးခြင်း | ၁၁။ ငါးထုတ်လုပ်မှု တိုးတက်လာစေရန် အတွက် အခွင့်အလမ်း၊ အဟန့်အတားများ | မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး |
| ၁၂။ စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အဓိကလုပ်ငန်းများ<br>• အိမ်ထောင်စုများ၏ အလားအလာကောင်းသော လုပ်ငန်းအမျိုး အစား များ | PRA –ကျေးရွာလူထုအစည်းအဝေးတွင် အဖွဲ့အသီးသီး နှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း | | |
| ၁၃။ စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများ၏ အခွင့်အလမ်းများနှင့် အလားအလာများ | အဖွဲ့အသီးသီးနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း | | |
| ၁၄။ ဈေးကွက်လက်လှမ်းမှီမှုများ (အကွာအဝေး၊ သယ်သူပို့ဆောင်ရေးလမ်းကြောင်း၊ ကုန်ပစ္စည်းအမျိုးအစားများနှင့် ရရှိနိုင်သော ဝန်ဆောင်မှုများ | အဖွဲ့အသီးသီးနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း | | |

| Primary data and information | Source | Description | Secondary Data Source |
|---|---|---|---|
| ၁၅။ ဈေးကွက်တိုးတက်ရေး အခက် အခဲများ ( အဆောက် အအုံ၊ ဝန်ဆောင်မှု၊ ဈေးနှုန်း သတ်မှတ်ခြင်း) | အဖွဲ့အသီးသီးနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း | | |
| ၁၆။ ငွေကြေးဝန်ဆောင်မှုများ နှင့် လက်လှမ်းမှီမှု | အဖွဲ့အသီးသီးနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း | | |
| ၁၇။ ပညာရေးနှင့် စာတတ် မြောက်မှု<br>• စာတတ်မြောက်မှု နှင့် စာမ တတ်မြောက်မှု လူဦးရေ ကျောင်းတက် ရာခိုင်နှုန်း ပညာရေးနှင့်ပတ်သက်သော အခက်အခဲများ (ဆွံ့အနား မကြားကျောင်းကဲ့သို့သော ကျောင်း ပြင်ပပညာရေး၊ ဆရာ/ ဆရာမ ရရှိနိုင်မှု၊ ကျောင်းသုံးစာအုပ်နှင့်စာ ရေးကိရိယာများ၊ ကျောင်း နေသည့် ကုန်ကျစရိတ် နှင့် ပတ်သက်သော ဆင်းရဲသား မိသားစုများ၏ ဝင်ကြေးနှင့် | အဖွဲ့အသီးသီးနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း | • စာတတ်မြောက်မှု နှင့် စာမတတ် မြောက်မှုလူဦးရေ – ကျား/မ<br>• ကျောင်းနေရွယ်ကလေးများ အထက်တန်းကျောင်းတက် ရောက်မှုရာခိုင်နှုန်း–ကျား/မ<br>• ပညာရေးနှင့်ပတ်သက်သော အခက်အခဲများ ( ကျောင်းသား/ ဆရာ အချိုး၊ ကျောင်းထွက်နှုန်း စသည်ဖြင့် | မူလတန်း နှင့် အလယ်တန်း ကျောင်းပညာရေး |

| Primary data and information | Source | Description | Secondary Data Source |
| --- | --- | --- | --- |
| လစဉ်ကြေး၊ မိဘဆရာ အသင်း ၏ အခန်းကဏ္ဍ | | | |
| ၁၈။ ကျန်းမာရေး နှင့်အဟာရ<br>• အဖြစ်များသော ရောဂါ<br>• ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများနှင့် ကျန်းမာရေးအတွက် ပံ့ပိုးပစ္စည်းများ လက်လှမ်းမှီမှု | အဖွဲ့အသီးသီးနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း | • အဖြစ်များသော ရောဂါများ<br>• ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု အခြေအနေကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများနှင့် ကျန်းမာရေးအတွက် ပံ့ပိုးပစ္စည်းများ | ဒေသရှိ ကျန်းမာရေး ဌာနများ |
| ၁၉။ ရေကောင်းရေသန့်ရရှိမှု နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး<br>• အရင်းအမြစ်; ရေပိုက်လမ်း၊ ကျေးရွာရေကန်၊ ရေတွင်း၊ အဝီစိတွင်းအရေအတွက်<br>• ရေအရည်အသွေး– စမ်းသပ်ပြီး/ မစမ်းသပ်၊ ကောင်း/ဆိုး<br>• သောက်ရေ၊သုံးရေ ရရှိမှု– အိမ်ထောင်စုများ ရာသီမရွေး ရေလုံလောက်မှု၊<br>• ရေကောင်းရေသန့်နှင့် ပတ်သက်သောပံ့ပိုးပစ္စည်းများ<br>• အဓိက ပြဿနာ၊ အဟန့် | အဖွဲ့အသီးသီးနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း | | |

| Primary data and information | Source | Description | Secondary Data Source |
|---|---|---|---|
| အတားနှင့်အခက်အခဲများ | | | |
| | | ၂၀။ ကျား/မ နှင့်ဖွံ့ဖြိုးရေးနှင့် ဆိုင်သော အအခက်အခဲများ လူကြီးစာတတ်မြောက်မှုနှုန်း ( MF)<br>• မူလတန်းပညာရေးတွင်အသားတင် ကျောင်းတက်ရာခိုင်နှုန်း MF<br>• မူလတန်းပညာရေးတွင် အသားတင် ကျောင်းတက်ရာခိုင်နှုန်း:M,F) | ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး နှင့် မူလတန်းကျောင်း |
| ၂၁။ ယဉ်ကျေးမှု နှင့် လူငယ် ဖွံ့ဖြိုးတိုးတက်ရေး:<br>• ကျေးရွာကဇတ်ရုံ၊<br>• ဘာသာရေးအဆောက် အအုံ များ( ဗွီဒီယိုရုံ၊ ကျေးရွာ ရုပ်ရှင်ရုံ၊ လက်မှု အနုပညာ များ)<br>• ဘာသာရေး နှင့် ဆိုင်သော လုပ်ငန်းများ<br>• လူငယ် နှင့် အားကစား | PRA: လူငယ်အုပ်စုနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း | | |
| ၂၂။ သယ်ယူပို့ဆောင်ရေး နှင့် ဆိုင်သောအဆောက်အအုံများ | PRA: ကျေးရွာ မြေပုံ ၊ အုပ်စုအသီးသီးနှင့်ဦးတည် | | |

| Primary data and information | Source | Description | Secondary Data Source |
|---|---|---|---|
| • လမ်းမကြီးများနှင့်လက်လှမ်းမှီမှုများ<br>o ကျေးရွာနှင့် အနီးဆုံးလမ်းမကြီးအကွာအဝေး(မိုင်)<br>o ချဉ်းကပ်လမ်း၊အရှည်၊ တည်ဆောက်ခဲ့သောနှစ်လက်ရှိအခြေအနေ၊) အမျိုးအစား၊ကောင်း (သို့) ဆိုး၊ရာသီမရွေးသွားလာနိုင်သွား၍ရသောလမ်းကြောင်း<br>• ရေလမ်းသယ်ယူပို့ဆောင်ရေး<br>o မြစ်ချောင်း သယ်ယူပို့ဆောင်ရေး<br>o ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး | အုပ်စု ဆွေးနွေးခြင်း | | |
| ၂၃။ ကျေးရွာအဆောက်အဦးများနှင့် အခြားသော<br>• ကျေးရွာအဆောက်အဦးများနှင့်လက်လှမ်းမှီမှု | PRA: : ကျေးရွာ မြေပုံ ၊ သံယံဇာတမြေပုံ၊ ဦးတည်အုပ်စုဆွေးနွေးခြင်း | | |
| ၂၄။ လျှပ်စစ် စွမ်းအင်<br>• နိုင်ငံတော် လျှပ်စစ်ဓာတ်ကြိုး | PRA: ကျေးရွာ မြေပုံ ၊ သံယံဇာတ မြေပုံ၊ | | |

| Primary data and information | Source | Description | Secondary Data Source |
|---|---|---|---|
| များနှင့် လက်လှမ်းမှီမှု<br>• ဆိုလာစွမ်းအင်<br>• အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်<br>• ဒီဇယ် လျှပ်စစ်ဓါတ်အားပေး စက်<br>• လေအားလျှပ်စစ်<br>• ဇီဝသက်ရှိများ | ဦးတည်အုပ်စု ဆွေးနွေးခြင်း | | |
| ၂၅။ ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်နည်းပညာ<br>• တယ်လီဖုန်း ကွန်ယက်<br>• လက်ကိုင်ဖုန်း ကွန်ယက်<br>• ရေဒီယို ဆက်သွယ်ရေး၊ ရုပ်မြင်သံကြား<br>• သတင်းစာ၊ ဂျာနယ်<br>• သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ၊ အင်တာနက်လက်လှမ်းမှီမှု | PRA: ဦးတည်အုပ်စု ဆွေးနွေးခြင်း | | |

## ၃။ ကျေးရွာလူထုကိုယ်တိုင် ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းလုပ်ငန်းစဉ်(PRA တွင် အသုံးပြုသောနည်းများနှင့် လုပ်နည်းကိုင်နည်းအဆင့်ဆင့်)

ကျေးရွာလူထုကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် အလွှာစုံမှကျေးရွာသူ/သားအားလုံးအား ပါဝင်လုပ်ဆောင်ခွင့်ရစေပါမည်။ ဤလုပ်ငန်းစဉ်တွင် ကျေးရွာလူထု၏တက်ကြွစွာ ပူးပေါင်းပါဝင်မှုရစေမည့် လုပ်ငန်းများနှင့်လုပ်နည်းကိုင်နည်းအဆင့်ဆင့်တို့ကို ရွာသူ/သားများ အသုံးပြုဆောင်ရွက်နိုင်ရန် မြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအဖွဲ့မှကူညီမည်ဖြစ်ပါသည်။ ထို့ကြောင့် ပီအာအေ(RRA)လုပ်ငန်းစဉ်သည် ကျေးရွာသူ/သားများအားရည်မှန်းချက်ပန်းတိုင်တည်ဆောက်ခြင်း၊ ဖွံ့ဖြိုးရေးဗျူဟာများနှင့် အကောင်အထည်ဖော်မည့် စီမံကိန်းများ စီစဉ်ရေးဆွဲရေးဆိုင်ရာ စွမ်းရည်များတိုးတက်စေပါမည်။

### (က) စီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်များ (Planning Context of Data, Information and Knowledge)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရန်အတွက် လိုအပ်သည့်သတင်းအချက်အလက်များကိုရရှိရန် PRA ပြုလုပ်ခြင်းအပြင် Secondary Data များလည်းကောက်ယူပါမည်။ ဤသို့ဆောင်ရွက်ခြင်းသည် အောက်ဖော်ပြပါကိန်းဂဏန်းသတင်းအချက်အလက်နှင့် ဗဟုသုတ အပိုင်းအစများကို ရရှိအသုံးပြုနိုင်မည် ဖြစ်ပါသည်။

- ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ
- ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များ
- ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် အလားအလာကောင်းများ
- အခက်အခဲနှင့် ပြဿနာများ၊ ရင်ဆိုင်ကျော်လွှားရမည့် အတားအဆီးများ
- ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ
- ကျေးရွာ၏ဖွံ့ဖြိုးရေးကစ္စများနှင့်ဖွံ့ဖြိုးရေးဗျူဟာများဆောင်ရွက်ရန်အတွက်လိုအပ်သောဗဟိုအဆင့်ဆိုင်ရာမူဝါဒနှင့်စီမံကိန်း အကူအညီများ
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အကောင်အထည်ဖော်ရေးကာလ
- ဘတ်ဂျက်နှင့် ငွေကြေးထည့်ဝင်ရေးဗျူဟာ

PRA လုပ်ငန်းစဉ်တွင် သတင်းအချက်အလက်များကောက်ယူရာ၌ ကျေးရွာအဆင့်ဆိုင်ရာသတင်းအချက်အလက်များနှင့် မိသားစုအဆင့်ဆိုင်ရာ သတင်းအချက်အလက်များဟူ၍ (၂) မျိုးစလုံးကောက်ယူရမည်ဖြစ်သည်။ ထို့အပြင်လိုအပ်သော တစ်ဆင့်ခံကိန်းဂဏာန်း၊ သတင်းအချက်အလက်များ (Secondary Data) ကိုလည်း မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးလက်ကျန်းမာရေးဆေးခန်းများ၊ ကျောင်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် အခြားသက်ဆိုင်ရာနေရာဌာနတို့မှ ကောက်ယူမည်ဖြစ်ပါသည်။

PRA လုပ်ငန်းစဉ်၌ကောက်ယူမည့်မိသားစုအဆင့်ဆိုင်ရာ သတင်းအချက်အလက်များနှင့်ကျေးရွာအဆင့်ဆိုင်ရာ သတင်းအချက်အလက်များကို အောက်ပါဇယားတွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

ဇယား (၁) အခြားဌာနအသီးသီးမှ တစ်ဆင့်ခံကိန်းဂဏန်းများ(Secondary Data) နှင့် PRA တွင် ကောက်ခံရမည့် စီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိန်းဂဏာန်းနှင့် သတင်းအချက် အလက်များ

| Information source<br>သတင်းအချက်အလက်ရယူမည့်နေရာ | Tool and instrument<br>သတင်းအချက်အလက်ရယူမည့်နည်းစနစ် | Information generated<br>ရရှိလာမည့်သတင်းအချက်အလက် |
|---|---|---|
| ***ကောက်ခံရမည့် ကျေးရွာအဆင့်ဆိုင်ရာသတင်းအချက်အလက်များ*** | | |
| <u>**ကျေးရွာလူထုအစည်းအဝေး**</u><br>• ကျေးရွာသူ/သားများအားလုံး<br>• PRA ဆောင်ရွက်ရေးအဖွဲ့ | • ဓနအဆင့်ခွဲခြားခြင်း<br>• ကျေးရွာမြေပုံနှင့်သယံဇတမြေပုံ<br>• ၁၂ လရာသီပြက္ခဒိန်(ဇယားဆွဲရန်)<br>• အဖွဲ့အစည်းဆိုင်ရာအခြေအနေကိုဆန်းစစ်ခြင်း (အဖွဲ့များဆက်စပ်မှုကိုအသုံးပြုခြင်း)<br>• ဦးတည်ထားသောစီမံကိန်းများကိုဦးစားပေးအဆင့်သတ်မှတ်ခြင်း | • ဓနခွဲခြားခြင်း-ဓနအဆင့် ခွဲခြားမှုကို ရွာသူရွာသားများသိအောင် မျှဝေခြင်း။<br>• ကျေးရွာမြေပုံ-ကျေးရွာ၏ ရေမြေရာသီဥတုနှင့်သယံဇာတအရင်းအမြစ်များ<br>• အဖွဲ့အစည်းဆိုင်ရာအခြေအနေကိုဆန်းစစ်ခြင်း-ကျေးရွာရှိ အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှု များကို ဆန်းစစ်ခြင်း |
| <u>**ဦးတည်အုပ်စု ဆွေးနွေးခြင်း**</u><br>• အသက်မွေးဝမ်းကျောင်းကဏ္ဍအဖွဲ့ (လယ်သမား၊ တံငါ၊ လက်လုပ်လက်စား၊ အခြား) အမျိုးသမီးအုပ်စု၊ရပ်မိရပ်ဖအုပ်စု၊ လူငယ်အုပ်စု) | • ကျေးရွာမြေပုံ(တခြားသောသတင်းအချက်အလက် များနှင့် ဆန်းစစ်ဝေဖန်မှုများအတွက်)<br>• ၁၂ လရာသီပြက္ခဒိန် (တခြားသောသတင်းအချက်အလက်များနှင့်ဆန်းစစ်ဝေဖန်မှုများအတွက်)<br>• အဖွဲ့အစည်းဆိုင်ရာအခြေအနေကိုဆန်းစစ်ခြင်း တခြားသောသတင်းအချက်အလက်များနှင့် | • ၁၂ လရာသီပြက္ခဒိန်- အရေးကြီးသည့် လူမှုရေး၊စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်ရပ်များဖြစ်ပေါ်မှု<br>• စီမံကိန်းများကို နှစ်သက်မှုအခြေအနေအရ ခွဲခြားခြင်း–ရရှိသော အရင်းအမြစ်၊ စွမ်းရည် နှင့် အကောင်အထည်ဖော်မှု |

| Information source<br>သတင်းအချက်အလက်ရယူမည့်နေရာ | Tool and instrument<br>သတင်းအချက်အလက်ရယူမည့်နည်းစနစ် | Information generated<br>ရရှိလာမည့်သတင်းအချက်အလက် |
|---|---|---|
| | ဆန်းစစ်ဝေဖန်မှုများအတွက်) | ကန့်သတ်ချက်များ<br>• စီမံကိန်းများကို နှစ်သက်လိုလားမှုအရ ဦးစားပေးအဆင့်ခွဲခြားခြင်း-(စီမံကိန်းများကို ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်း) |
| ***ကောက်ယူရမည့်အိမ်ထောင်စုအဆင့်ဆိုင်ရာသတင်းအချက်အလက်များ*** | | |
| <u>Case Study</u><br>ကျေးရွာအဆင့်၌ လုပ်ဆောင်ခဲ့သော ခန အဆင့်သတ်မှတ်ချက်အဆင်းရဲဆုံး အိမ်ထောင်စုအချို့အား နမူနာစစ်တမ်း (Simple Survey) ကောက်ယူခြင်း | • ဆင်းရဲသောအိမ်ထောင်စုများကို စနစ်တကျတည်ထောင်ထားသော မေးခွန်းများဖြင့် မေးမြန်းဆွေးနွေးခြင်း၊ | • ဖွံ့ဖြိုးရေးဆိုင်ရာ ပြဿနာအခက်အခဲများနှင့် ယင်းတို့၏အရင်းအမြစ်များ<br>• အခက်အခဲဖြေရှင်းသည့် နည်းလမ်းများ<br>• ၎င်းတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ကျော်လွှားရမည့် စိန်ခေါ် မှုများစသည်တို့နှင့်ပတ်သက်သည့် ဆင်းရဲသားများ၏ အသိအမြင်များ၊ နားလည်ခံစားမှုများကို သိရှိလာရန် ဖြစ်သည်။ |
| ***Secondary Source များမှ ကောက်ယူရမည့် သတင်းအချက်အလက်များ*** | | |
| ရနိုင်သမျှသောမှတ်တမ်းများမှ ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များ | • မြို့နယ်အဆင့် တာဝန်ရှိသောဌာနဆိုင်ရာများတွင် ထိန်းသိမ်းထားသော မှတ်တမ်းများ၊<br>• ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများတွင် ထိန်းသိမ်းထားသော မှတ်တမ်း များ၊<br>• ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကျေးလက်ကျောင်းများတွင် ထိန်းသိမ်းထားသောမှတ်တမ်းများ၊<br>• အခြားယုံကြည်စိတ်ချရသောအရင်းအမြစ်များမှမှတ်တမ်းများ | • ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်များ၊<br>• ကျေးရွာ၏အဖွဲ့အစည်းဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာသတင်းအချက်အလက်များ၊<br>• ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေဆိုင်ရာ သတင်းအချက်အလက်များ၊ |

အထက်ပါဇယားမှအချက်အလက်များကိုချုပ်လိုက်လျင် အောက်ပါဇယားများအတိုင်းသတင်းအချက်အလက်များရရှိမည်။ ယင်းအချက်အလက်များကို PRA Facilitator များက ကျေးရွာလူထုအစည်းအဝေး၌ ရှင်းလင်းရာတွင်အသုံးချနိုင်သည်။ ဤတစ်ကြိမ်ရွာလူထု အစည်းအဝေးသည် ကျေးရွာ၏ဖွံ့ဖြိုးရေးအခြေအနေများနှင့် ဗျူဟာများကို ပြန်လည်အသေးစိပ်စဉ်းစားသုံးသပ်ရန်နှင့် ရှေ့ဆောင်ရွက်မည့်ဦးစားပေးစီမံကိန်းများ ရွေးချယ်သတ်မှတ်ရန်ဖြစ်သည် -

အထက်ပါဇယားမှ အချက်အလက်များကိုချုပ်လိုက်လျင်အောက်ပါဇယားများအတိုင်း သတင်းအချက်အလက်များရရှိမည်။ ယင်းအချက်အလက်များကို PRA Facilitator များက ကျေးရွာလူထုအစည်းအဝေး၌ ရှင်းလင်းရာတွင်အသုံးချနိုင်သည်။ ဤတစ်ကြိမ် ရွာလူထုအစည်းအဝေးသည် ကျေးရွာ၏ဖွံ့ဖြိုးရေးအခြေအနေများနှင့်ဗျူဟာများကို ပြန်လည်အသေးစိပ်စဉ်းစားသုံးသပ်ရန်နှင့် ရှေ့ဆောင်ရွက်မည့်ဦးစားပေးစီမံကိန်းများ ရွေးချယ်သတ်မှတ်ရန်ဖြစ်သည် -

ဇယား . လက်ရှိအခြေအနေများကို လေ့လာဆန်းစစ်ခြင်း၊ စိန်ခေါ်မှုများ နှင့် နည်းဗျူဟာများ၊ အကောင်အထည်ဖော်မည့် စီမံကိန်းများ

| လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ၊ပြဿနာများကို ဖြစ်စေသောအကြောင်းရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့် အတားများနှင့်စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံကိန်းများ |
|---|---|---|---|---|---|
| | | | | | |

အောက်ပါအခန်းတွင် ကျေးရွာများတွင် PRA လေ့ကျင့်ခန်း(၃)ရက်တွင် လုပ်ဆောင်ရမည့် အဆင့်များကို ဖော်ပြထားပါသည်။

## ၄။ PRA လေ့ကျင့်ခန်း ချဉ်းကပ်ဆောင်ရွက်ခြင်း

### (က) ဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် အချိန်ကာလ

ကျေးရွာများတွင် PRA လေ့ကျင့်ခန်းများကို PRA facilitatorတစ်ဦး၊ PRA co-facilitators နှစ်ဦးဖြင့် (၃)ရက် ပြုလုပ်သွားမည်ဖြစ်ပါသည်။

PRA facilitator Team သည် PRA မပြုလုပ်မီ (၂/၃)ရက်ကြိုတင်၍ ကျေးရွာများသို့ရှေးဦးစွာသွားရောက်ပြီး ကျေးရွာခေါင်းဆောင်များ၊ ရပ်မိရပ်ဖများအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက် လုပ်ငန်းစဉ် အကြောင်း ပြောကြားရမည်။ Secondary Data နှင့် သတင်းအချက်အလက်များကောက်ယူရန်နှင့်လိုအပ်သောဆွေးနွေးပွဲကျင်းပမည့်နေရာ၊ ကျေးရွာသူ၊သားများစုဝေးခြင်းစသဖြင့်ပြင်ဆင်ရန်အတွက်ဖြစ်ပါသည်။

## ဇယား  PRA လုပ်ငန်းစဉ် အကောင်အထည်ဖော်မည့် အစီအစဉ်

<table>
<tr><th colspan="2">အချိန်</th><th>ဆောင်ရွက်မည့် အစီအစဉ်</th></tr>
<tr><td rowspan="2">ပထမနေ့</td><td>နံနက်ပိုင်း</td><td><u>ရွာလူထုအစည်းအဝေး</u><br>• ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရခြင်း ရည်ရွယ်ချက်များအား ရှင်းပြခြင်း။<br>• PRA လုပ်ငန်းစဉ်အကောင်အထည်ဖော်မည့် အစီအစဉ်စသည်တို့ရှင်းပြခြင်း၊<br>• PRA ဆောင်ရွက်ရေးအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း၊<br><u>ကျေးရွာအခြေအနေပြ မြေပုံများ၊ ဇယားများရေးဆွဲခြင်း</u><br>o ကျေးရွာ၏ ပထဝီနယ်မြေအနေအထား နှင့် အဓိကသံယံဇာတပြ ကျေးရွာမြေပုံ<br>o အရေးကြီးသောလူမှုရေး၊ စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ ရာသီအလိုက် အခြေအနေများကို မှတ်တမ်းတင်ထားသည့် ၁၂ လရာသီပြက္ခဒိန်<br>o ကျေးရွာအတွင်းရှိ ကျေးရွာအဖွဲ့အစည်းများ၊ ရွာပြင်ပဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများ ဆက်စပ်မှု နှင့် ၎င်းတို့လုပ်ဆောင်ပေးနေသောလုပ်ငန်းများကို ပြသသည့်ပုံစံကားချပ်၊</td></tr>
<tr><td>နေ့လည်ပိုင်း</td><td>• ဦးတည်အုပ်စု (၂)စုဖြင့် ဆွေးနွေးမှု ပြုလုပ်ခြင်း<br>o လူငယ်အုပ်စုနှင့်<br>o အသက်မွေးဝမ်းကျောင်းကဏ္ဍ (လယ်သမား၊ တံငါ၊ လက်လုပ်လက်စား၊ အခြား)အုပ်စု</td></tr>
<tr><td rowspan="2">ဒုတိယနေ့</td><td>နံနက်ပိုင်း</td><td>• ဦးတည်အုပ်စု (၂)စုဖြင့် ဆွေးနွေးမှု ပြုလုပ်ခြင်း<br>o ရပ်မိရပ်ဖ သက်ကြီးရွယ်အို အုပ်စု<br>o အမျိုးသမီးအုပ်စု</td></tr>
<tr><td>နေ့လည်ပိုင်း</td><td>• ဓနအဆင့်ခွဲခြားခြင်း လေ့ကျင့်ခန်းကို အုပ်စု (၄)စု ပူးပေါင်း၍ ပြုလုပ်ခြင်း – လူငယ်အုပ်စု၊ အမျိုးသမီးအုပ်စု၊ အသက်မွေးဝမ်းကြောင်းအုပ်စု၊ ရပ်မိရပ်ဖ၊<br>• ဦးစားပေးစီမံကိန်းရွေးချယ်ခြင်း –ဦးတည်အုပ်စု ဆွေးနွေးခြင်းမှရရှိသည့် ကျေးရွာသူရွာသားများ၏ ဝေဖန်ဆန်းစစ်ထားသည့် စီမံကိန်းများကို ဦးစားပေးအဆင့်သတ်မှတ်ခြင်း</td></tr>
</table>

| အချိန် | | ဆောင်ရွက်မည့် အစီအစဉ် |
|---|---|---|
| တတိယနေ့ | နံနက်ပိုင်း | • ကျေးရွာလူထု အစည်းအဝေး၌ ရွာသူ/ရွာသားများနှင့်အတူ ခနအဆင့် ခွဲခြားခြင်း နှင့် စီမံချက်များကို ဦးစားပေးအဆင့်သတ်မှတ်ခြင်းတို့မှ ရရှိသော ရလဒ်များကို မျှဝေခြင်း၊<br>• ကျေးရွာ စီမံချက်ပြင်ဆင်ခြင်း၊ ဦးစားပေးစီမံချက်အဖြစ် သတ်မှတ်ခြင်း၊ သတ်မှတ်ထားသော အချိန်ကာလတစ်ခု၌အကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများအကောင်အထည်ဖော်ရန်အတွက်အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ခန့်မှန်းခြေအသုံးစရိတ်နှင့် ကျေးရွာထည့်ဝင်မှု၊ အစိုးရအဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများ၏ အရင်းအမြစ်များ ထောက်ပံ့မှုစသည့် ငွေကြေးထည့်ဝင်မှုနည်းလမ်း |
| | Afternoon section<br>နေ့လည်ပိုင်း | • Continuation of morning session to complete the exercise<br>• နံနက်ပိုင်း မှအအစီအစဉ်ကို ပြီးသည်ထိ ဆက်လက်လုပ်ဆောင်ခြင်း |

## (ခ) PRA လုပ်ငန်းစဉ် ဆောင်ရွက်မည့် အဆင့် (၇)ဆင့်

လိုအပ်သောသတင်းအချက်အလက်များကို ရရှိရန် အချိန် (၃)ရက် ဖြင့် PRA လေ့ကျင့်ခန်းများကို အဆင့် (၆)ဆင့်ဖြင်လုပ်ဆောင်ရမည်ဖြစ်သည်။ အသုံးပြုမည့် PRA tools and instruments နှင့် အဆင့်အလိုက်ရရှိရမည့်ရလဒ်များ၊အပါအဝင်ဤလုပ်ငန်းစဉ်အဆင့် (၆) ဆင့်၏အသေးစိတ်များကို အောက်ပါဇယားတွင်ဖေါ်ပြထားပါသည်။

**ဇယား (၅)PRA တွင်ဆောင်ရွက်ရမည့် အဆင့် (၇) ဆင့်**

| အဆင့် | လုပ်ငန်းစဉ်၊နည်းစနစ် | ရလဒ် | ကာလ | မှတ်ချက် |
|---|---|---|---|---|
| ၁။ကိန်းဂဏန်းနှင့်သတင်းအချက်အလက်များစုဆောင်းခြင်း<br>• လူဦးရေစာရင်းများ၊<br>• လူမှုစီးပွားရေးအခြေအနေဆိုင်ရာကိန်းဂဏန်းအချက်အလက်များ၊<br>• လက်ရှိကျေးရွာဖွံ့ဖြိုးမှု | • Secondary Data များကောက်ယူခြင်း၊<br>• ကျေးရွာအခြေအနကိုရွာသူ/သားများကိုယ်တိုင်သုံးသပ် အကဲဖြတ်ခြင်း၊ PRA | • လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ၊ကျေးရွာလူမှုစီးပွားအခြေအနေဆိုင်ရာအချက်အလက်များ | ၃၀ မိနစ် | ကျေးရွာများသို့ကနဦးသွားရောက်၍ Secondary Data များကို ကောက်ယူခြင်း ကျန်ရှိနေသောသတင်းအချက်များ |

| အဆင့် | လုပ်ငန်းစဉ်၊နည်းစနစ် | ရလဒ် | ကာလ | မှတ်ချက် |
|---|---|---|---|---|
| အခြေအနေဆိုင်ရာသတင်း အချက်အလက်များ၊ | | | | ကို PRA exerciseလုပ်ဆောင် စဉ်တွင် ပြန်လည်၍ ကောက်ယူ မည်ဖြစ်သည်။ |
| ၂။ ကျေးရွာအခြေအနေပြ မြေပုံ များရေးဆွဲခြင်း | • ကျေးရွာမြေပုံ<br>• အဖွဲ့အစည်းများဆိုင်ရာဆက်သွယ်မှု အခြေပြပုံ<br>• ၁၂ လရာသီခွင်ပြ ပြက္ခဒိန် | • ကျေးရွာမြေပုံ<br>• အဖွဲ့အစည်းဆိုင်ရာဆက်သွယ်လုပ်ဆောင်မှု အခြေအနေ<br>• ၁၂ လရာသီခွင်ပြ ပြက္ခဒိန်နှင့် ရာသီအလိုက် လူမှုစီးပွားရေး ဆိုင်ရာ ဖြစ်စဉ်များ | ၁ နာရီ | PRA ဆောင်ရွက်ရေး အဖွဲ့ဖြင့် ဆောင်ရွက်မည်။ |
| ၃။စီစစ်သုံးသပ်ခြင်း<br>• လက်ရှိကျေးရွာဖွံ့ဖြိုးမှု အခြေအနေ<br>• ပြသာနာ၊အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ | ဦးတည်အုပ်စုဆွေးနွေးခြင်း<br>• ကျေးရွာရပ်မိရပ်ဖသက်ကြီးအုပ်စု<br>• အသက်မွေးဝမ်းကြောင်းအုပ်စု- လယ်သမား၊တံငါအုပ်စု၊မြေမဲ့ယာမဲ့၊ လက်လုပ်လက်စား)<br>• အမျိုးသမီးအုပ်စု၊<br>• လူငယ်အုပ်စုကျေးရွာမြေပုံရေးဆွဲခြင်း<br>• Venn Diagram<br>• ၁၂ လရာသီပြ ပြက္ခဒိန်<br>• အိမ်ထောင်စုအခြေအနေလေ့လာမှု<br>• ကျေးရွာလူမှုစီးပွားအခြေအနေဆိုင်ရာ အချက်အလက်များ၊ (Socio-economicProfile) | o လက်ရှိကျေးရွာဖွံ့ဖြိုးမှုအခြေအနေ<br>o ကျေးရွာဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ ဖြစ်နိုင်သည့်အရာများနှင့်ဖြစ်နိုင်ခြေများ<br>o အုပ်ချုပ်မှု၊ စီးပွားရေး လုပ်ဆောင်မှု၊ ပညာရေးနှင့်ကျန်းမာရေးအထောက်အပံ့ ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၊ ကျားမ ဆက်စပ်မှုနှင့်ဖွံ့ဖြိုးမှု၊ လူငယ်နှင့် ယဉ်ကျေးမှုတို့ဆိုင်ရာ ပြဿနာ၊ ရင်ဆိုင် ကျော်လွှားရမည့် အဟန့်အတားများ၊<br>o ပြသာနာများ၏အကြောင်းအရင်းဇစ် မြစ်များ၊<br>o ဖြစ်နိုင်သောဖြေရှင်းနည်းလမ်း၊ မဟာဗျူဟာများ၊ | ၆ နာရီ | ဦးတည်အုပ်စု (၄)အုပ်စုဖြင့် ဆွေးနွေးခြင်း၊ |

| အဆင့် | လုပ်ငန်းစဉ်၊နည်းစနစ် | ရလဒ် | ကာလ | မှတ်ချက် |
|---|---|---|---|---|
| ၄။ ကျေးရွာဖွံ့ဖြိုးမှုစီမံကိန်းများ၏ဦးစားပေးအစီအစဉ်ချမှတ်ခြင်း၊ | • ဦးစားပေးအဆင့်သတ် မှတ်ခြင်း။ | ဦးစားပေးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ စာရင်း။ | ၃၀ မိနစ် | Preferance Ranking |
| ၅။ ဓနအဆင့်သတ်မှတ်ခြင်း လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ | • ရပ်မိရပ်ဖအုပ်စု၊အလုပ်အကိုင်ရှိသောအုပ်စု၊ အမျိုးသမီး အုပ်စု၊ လူငယ်အုပ်စုများ၏ ကိုယ်စားလှယ်များနှင့် တည်ဆောက်ထားသော မေးခွန်းများကို လုပ်ဆောင်မည်။ | • မိသားစုတစ်စုခြင်းအလိုက် ကျေးရွာအတွင်း ဓနအဆင့် သတ်မှတ်ချက်စာရင်း၊ | ၄ နာရီ | • PRA ဆောင်ရွက်ရေးအဖွဲ့များဖြင့် ဓန အဆင့် သတ်မှတ်ခြင်း၊<br>• ကျေးရွာလူထုအစည်းအဝေးတွင် အတည်ပြုခြင်း |
| ၆။ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး အစီအစဉ် | • လူထုအစည်းအဝေး<br>• အုပ်စုဖွဲ့ဆွေးနွေးလုပ်ကိုင်ခြင်း၊ | • အချိန်ကာလ၊လုပ်ဆောင်မည့် ဘတ်ဂျက်နှင့် တာဝန်ယူမည့် အဖွဲ့စသည်တို့ ပါဝင်သော စီမံကိန်းများအကောင်အထည်ဖော်ရေးအစီအစဉ် | ၃ နာရီ | |
| ၇။ စီးပွားဓနအဆင့် (၃နှင့်၄) အိမ်ထောင်စု ကိုယ်စားလှယ်များနှင့် ဝမ်းစာမဖူလုံမှု၊ အကြွေးတင်မှု ကိစ္စဆွေးနွေးခြင်း | • ၎င်းအဆင့်အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများဖြင့် ဆွေးနွေးခြင်း | • | ၁နာရီ | |

## (ဂ) PRA လုပ်ငန်းစဉ်အဆင့် (၇)ဆင့် ဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲရေးဆိုင်ရာအသေးစိတ်အချက်အလက်များ

**အဆင့် (၁). ကိန်းဂဏန်း၊ သတင်းအချက်အလက်များ စုဆောင်းခြင်း**

ကျေးရွာနှင့် ကြိုတင်တွေ့ဆုံရာတွင် PRA Facilitator Team သည် ကျေးရွာခေါင်းဆောင်များ၊ မိဘဆရာအသင်းနှင့် အခြားအသော အဖွဲ့အစည်းများမှ ကိန်းဂဏန်း၊ အချက်အလက်များကို တဆင့်ခံ (Sercondary) ကိန်းဂဏန်း၊ အချက်အလက်များအဖြစ် ကောက်ယူရမည်။ လူဦးရေဆိုင်ရာ သတင်းအချက်အလက်များ၊ ကျေးရွာ လူမှုရေး၊ စီးပွားရေးအခြေအနေများကို ကောက်ယူရန် ဖြစ်ပါသည်။ ထပ်မံလိုချက်များ ကိုPRA လေ့ကျင့်ခန်းတွင် ထပ်မံကောက်ယူပါမည်။

**အဆင့် (၂). ကျေးရွာအခြေအနေပြ မြေပုံများရေးဆွဲခြင်း**

**ကျေးရွာသမိုင်းကြောင်း** (Village history )

ရွာသူ/ရွာသားများ ကြုံတွေ့မှတ်သားခဲ့သော အရေးကြီးသည့် အဖြစ်အပျက်များ၊ အပြောင်းအလဲများကို ဤကျေးရွာသမိုင်း ပြန်လည် ဆွေးနွေးခြင်းလုပ်ငန်းဖြင့် မှတ်တမ်းရယူပါမည်။

**ရည်ရွယ်ချက်** ကျေးရွာတွင် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကောင်းမွန်လာမှု၊ သဘာဝပတ်ဝန်းကျင် တိုးတက်ပြောင်းလဲလာမှုများနှင့် ပတ်သက်သောအရေးကြီးအဖြစ်အပျက်များနှင့် ကာလအလိုက် ပြောင်းလဲလာမှုများကို မှတ်တမ်းတင်ရန်။

**တက်ရောက်ဆွေးနွေးသူများ**–. ရွာသူ/ရွာသားများ

**အချိန်** . ၃၀ မိနစ်

**ကျေးရွာသမိုင်းကြောင်း မှတ်တမ်း ( အဖြစ်အပျက်များ နှင့် ပြောင်းလဲမှုများ)**

| ရက်စွဲ | အဖြစ်အပျက်များ | ထိခိုက်မှု/သက်ရောက်မှု နှင့် ဆောင်ရွက်ခဲ့မှုများ |
|---|---|---|
| | | |
| | | |

## Facilitator က ကူညီဆောင်ရွက်ရန် နည်းလမ်းနှင့် အဆင့်များ

ကျေးရွာအတွက် မှတ်တမ်းတင်ထားသင့်သော အလွန်အရေးကြီးသည့် (သို့) အရေးပါသည့် အဖြစ်အပျက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန် Facilitator ကရွာသူရွာသားများအား ကူညီတိုက်တွန်းရမည်။ PF team သည် လူတန်းစားမရွေး ပြောဆိုခွင့်ရရှိလာအောင် ဖန်တီးပေးရမည်။ အဖြစ်အပျက်များ၊ ရက်စွဲများစုဆောင်းခြင်းပေါ်တွင် ကွဲပြားမှုများ ဖြစ်လာပါက PF team သည် အဖြစ်အပျက်များပေါ်တွင် တူညီသော သဘောတူညီချက်များဖြစ်လာစေရန် တိုက်တွန်းပေးရမည်။ စာရွက်ကြီးပေါ်တွင် အချက်အလက်များနှင့်ဇယားများကို ချရေးပြီး လက်ကိုင်ဖုန်း(သို့) ကင်မရာဖြင့် ဓါတ်ပုံရိုက်ယူ၍ PF team သည် ကျေးရွာသမိုင်းကြောင်းမိတ္တူ ကို ထိန်းသိမ်းရမည်။

တက်ရောက်လာသူ ရွာသူ/ရွာသားများသည် အစည်းအဝေးအစောပိုင်းတွင်တုံ့ပြန်မှုနှေးကွေးနိုင်သည်။ ဤသို့ ဖြစ်ပါက PF team သည် တိကျသောမေးခွန်းများကို မေးမြန်းခြင်းဖြင့် ရွာသူရွာသားများထံမှ သတင်းအချက်အလက်များကို လမ်းကြောင်းပေးသည်။ ရယူသည်။ ကျေးရွာသမိုင်းကြောင်းတွင် ကျေးရွာ၏ဖြစ်ပေါ်ခဲ့သည့်အရေးကြီးသည့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော အရေးကြီးအဖြစ်အပျက်များ၊ အပြောင်းအလဲများကို ပြန်လည်သိမြင်လာအောင် တိုက်တွန်းလှုံ့ဆော်ပေးရမည်။ စူးစမ်းသော၊ အသေးစိတ်နှိုက်ထုတ်မေးမြန်းသော မေးခွန်းများလည်း ပါဝင်သင့်သည်။ အသုံးပြုနိုင်သည့် နမူနာမေးခွန်းများကို အောက်တွင်ဖော်ပြထားပါသည်။

- ကျေးရွာကို မည်သူက၊ မည်သည့်အချိန်မှာ တည်ထောင်ခဲ့ပါသလဲ။
- သူတို့တွေက ဘယ်က လာကြပါသလဲ။
- ကျေးရွာရှိ အချို့သောအဓိကအဆောက်အဦးများကို ဘယ်အချိန် ( မည်သည့်ရက်)မှာ တည်ဆောက်ခဲ့ကြပါသလဲ။( ဥပမာ- ဘုန်းကြီးကျောင်း၊ ခရစ်ယာန် ဘုရားကျောင်း၊ စာသင်ကျောင်း၊ လမ်း၊ တံတား၊ ရေရရှိမှု၊ လျှပ်စစ်မီးရရှိမှု)
- အရေးကြီးခေါင်းဆောင်များမှ တာဝန်ယူသော နေ့ရက် နှင့်အချိန်၊ တာဂန်ဝတ္တရားများ
- လူနှင့် တိရစ္ဆာန်များတွင် အဓိကရောဂါများဖြစ်ပွားသော ခုနှစ်နှင့် အကျိုးသက်ရောက်မှုများ၊ ယင်းဖြစ်ပွားမှုများကို ရွာသူရွာသားများ မည်ကဲ့သို့ တုံ့ပြန်ခဲ့ပါသလဲ။
- ထုတ်လုပ်မှုနှုန်းကောင်းသည့် နှစ်များ၊ မိုးခေါင်ခြောက်သွေ့သည့် နှစ်များ၊ ရေလွှမ်းမိုးသည့် နှစ်များ၊ ပိုးမွှားရောဂါကျရောက်သည့် နှစ်များ၊ တိရစ္ဆာန်ရောဂါကျရောက်သည့် နှစ်များစသည့် သဘာဝအလျှောက်ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များ၊ ယင်းတို့၏ အကျိုးသက်ရောက်မှုများနှင့် ယင်းဘေးဒုက္ခတို့ကို ရွာသူ၊ရွာသားများ မည်ကဲ့သို့ တုံ့ပြန်ရန် စီစဉ်ခဲ့ပါသလဲ၊ မည်ကဲ့သို့ ကျော်လွှားခဲ့ပါသလဲ။
- ကျေးရွာတွင်အဓိက အငြင်းပွားမှုများ. ယင်းအငြင်းပွားမှုများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများနှင့် မည်ကဲ့သို့ ဖြေရှင်းခဲ့ကြပါသလဲ။

- ဖွံ့ဖြိုးရေးနှင့် ပတ်သက်သော၊ နိုင်ငံရေးနှင့် ပတ်သက်သောစနစ်များ၊ ရွာမှာရှိသော အဖွဲ့အစည်းများကို မည်သည့်နှစ်က စတင်ဖွဲ့စည်းခဲ့သည်ကို ဖော်ပြရန်၊ ထိုအဖွဲ့အစည်းများ၏ ထိရောက်မှုကို ရွာသူ၊သားများမှ အကဲဖြတ်ရန်။

**ကျေးရွာမြေပုံ** (Village resource map)

ကျေးရွာမြေပုံက ရွာတွင်နေထိုင်သူများနှင့် ၎င်းတို့တွင်ရှိသော အရင်းအမြစ်များအကြောင်း လေ့လာရန် အကူအညီပေးသော နည်းတစ်ခုဖြစ်ပါသည်။ ဤနည်းကို အသုံးပြုခြင်းဖြင့် ရွာ၏လက်ရှိထုတ်လုပ်မှုဆိုင်ရာ အရင်းအနှီးများအကြောင်းနှင့် နောင်အလားအလာကောင်းသော အရင်းအနှီးများအပေါ် ရွာသူ/သားများ၏ အမြင်၊ သဘောထားများ ဖော်ထုတ်နိုင်ပါသည်။

**ရည်ရွယ်ချက်**

ရွာသူ/သားများသည် ၎င်းတို့၏ ကျေးရွာရှိသဘာဝအရင်းအနှီးသံယံဇာတများ၊ ယင်းတို့အား လူထု၏လက်လှမ်းမီမှု နှင့် အသုံးပြုနိုင်မှုစသည်တို့ အပေါ်သုံးသပ်နားလည်နိုင်စွမ်းများ တိုးတက်လာနိုင်ရန်ဖြစ်ပါသည်။

**တက်ရောက်သူများ** Participants

အမွေးဝမ်းကျောင်းကဏ္ဍအဖွဲ့

**ကြာချိန်** Duration

(၁)နာရီ

Facilitator က **ကူညီဆောင်ရွက်ရန် နည်းလမ်းနှင့် အဆင့်များ**

ဤဆွေးနွေးခန်းကို အသက်မွေးဝမ်းကျောင်းကဏ္ဍအဖွဲ့ဖြင့် ဆောင်ရွက်ပါမည်။

ကျား/မရောနှောပါဝင်၍ ဆွေးနွေးရခြင်းသည် အမျိုးသား၊အမျိုးသမီးများသည်သူတို့၏ အသက်မွေးဝမ်းကြောင်းမှုကို မတူညီသော အရင်းအမြစ်များ အသုံးပြုရခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် လိုအပ်ချက်များ၊ အမြင်များကွဲပြားလျက်ရှိသည်။ ကျား/မရောနှောထားသော အုပ်စုဆွေးနွေးမှုများမှ အမျိုးသမီးများသည် ရေအရင်းအမြစ်များအကြောင်း၊ ထင်းမီးသွေးများအကြောင်းစသည့် အရေးကြီးသောအကြောင်းအရာများနှင့် ၊အမျိုးသားများသည် စားကျက်မြေ၊ လယ်ယာမြေနှင့် အခြေခံအဆောက်အအုံများအကြောင်းစသည့် အရေးကြီးသည့်သတင်းအချက်အလက်များကို ဦးစားပေးဆွေးနွေးကြလိမ့်ဖြစ်သည်။ မြေပုံတွင် လမ်း၊တံတား၊သင်္ဘောဆိပ်၊ရေကန်၊အိမ်၊လူထုအဆောက်အဦးစသည့် အကြောင်းအရာများ ပါဝင်မည် ဖြစ်သည်။

- ရေအရင်းအမြစ်တည်ရှိရာ နေရာများ၊
- စိုက်ပျိုးမြေ၊မြေဆီလွှာ၊တောင်စောင်း၊မြစ်၊စမ်းချောင်း၊သစ်တောမြေ၊စားကျက်မြေ၊
- ဈေးဆိုင်၊အစည်းအဝေးကျင်းပရာနေရာ၊ဘတ်စ်ကားဂိတ်
- ဆေးခန်း၊ကျောင်း
- ဘာသာရေးအဆောက်အအုံ၊အလေးမြတ်ထားရာနေရာ၊သုသာန်၊သင်္ချိုင်းကုန်း။
- အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာရှိသောနေရာများ
- flip chart paper ပေါ်တွင် ရေးဆွဲရန် (သို့)အနီးနားတွင်ရှိနေသောကျောက်တုံး၊သစ်ရွက်ခြောက်၊တုတ်ချောင်းစသည်တို့ဖြင့်စတင်ရန်
- တက်ရောက်သူများအား ကျေးရွာနယ်နမိတ်ကို ရေးဆွဲသတ်မှတ်၍ စတင်ရေးဆွဲရန် တိုက်တွန်းပါ။
- အခြားအရေးကြီးသည်ဟု ထင်သောအချက်များကို ဆက်လက်ရေးဆွဲရန် တိုက်တွန်းပါ။
- အဖွဲ့ကရေးဆွဲခြင်းလုပ်၍ပြီးဆုံးသွားသောအခါ ထပ်မံဖြည့်ရမည့်အရေးကြီးသောအချက်အများကျန်လျှင်ထပ်မံဖြည့်စွက်ရန်တိုက်တွန်းပါ။
- flip chart ပေါ်တွင် မြေပုံကိုရေးဆွဲ၍ မိတ္တူကူးရမည်။ နောက်ဆုံးမြေပုံတွင် ရှေ့၊နောက်၊တောင်၊မြောက် အရပ် (၄)မျက်နှာ ပါဝင်ရမည်ဖြစ်သည်။
- လက်ရှိကျေးရွာဖွံ့ဖြိုးမှုအခြေအနေကို သုံးသပ်ရန်အတွက် ဦးတည်အုပ်စုဆွေးနွေးရာတွင်မြေပုံကို အကိုးအကားဖြင့်အသုံးပြုမည်။

## ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calendar)

ရာသီအလိုက် အမျိုးသား၊ အမျိုးသမီးအလိုက် အလုပ်အကိုင်များ ရောဂါကျရောက်မှုများ၊ ဝင်ငွေ၊ ပွဲတော်များ၊ အသုံးစရိတ်များ စသည်တို့နှင့် ပတ်သက်၍ ရာသီအလိုက် အခြေအနေများကို လေ့လာသည့် နည်းတစ်ခုဖြစ်သည်။

## ရည်ရွယ်ချက်

ရာသီအလိုက်ဖြစ်ပေါ်နေသော လယ်ယာလုပ်ငန်းတာဝန်များ၊ လယ်ယာနှင့်မသက်ဆိုင်သော လုပ်ငန်းတာဝန်များ၊ ဝမ်းစာရရှိမှု၊ ရောဂါကျရောက်မှုများ၊ ကျားမအလိုက် ဝင်ငွေနှင့်အသုံးစရိတ်ရေရရှိမှု၊ တိရစ္ဆာန်အစာရရှိမှု၊ ချေးငွေလိုအပ်မှု၊ အားလပ်ရက်များစသည့် အခြေအနေများကို လေ့လာရန်။

**တက်ရောက်သူများ Participants**

အမျိုးသမီးအဖွဲ့။

**ကြာမြင့်ချိန် Duration**

(၁)နာရီ

**Facilitator က ကူညီဆောင်ရွက်ရန်အဆင့်များ**

ပထမရက် မနက်ပိုင်းတွင် Facilitatorသည် အမျိုးသမီးအဖွဲ့ဖြင့် ဤလေ့ကျင့်ခန်းအား ဆောင်ရွက်မည်။အဖွဲ့ဝင်များအားများအား အလျားလိုက်ဝင်ရိုးပေါ်တွင် လအလိုက်နှင့် ဒေါင်လိုက်ဝင်ရိုးတွင်အဖြစ်အပျက်များပါဝင်သော ဇယားကွက်ကို ဆွဲရန်အဖြစ်အပျက်/ ဖော်ပြချက်များကိုသရုပ်ဖော်ပုံ (သို့) စာရေးသားရန်။ တက်ရောက်လာသူအားလုံးမှ အတူတကွ ဆွေးနွေးပြီး ဇယားကို ဖြည့်ရန်။

**အဖွဲ့အစည်းများ ဆက်သွယ်ဆောင်ရွက်မှု** (Venn diagram)

Venn Diagram ပုံသည်ရွာတွင်းနှင့်ကျေးရွာပြင်ပမှ အဖွဲ့အစည်းများ၊ အစုအဖွဲ့များ၊ အရေးပါသောပုဂ္ဂိုလ်များ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက်ပါဝင်မှု၊ ဆက်သွယ်ဆောင်ရွက်မှုတို့ကိုဖော်ပြသည်။ ထို့အပြင်၎င်းအဖွဲ့များ၏အရေးပါမှုအပေါ် ကျေးရွာလူထု၏အမြင်တို့ကိုသိရှိနိုင်မည်။

**Objective: ရည်ရွယ်ချက်**

ရွာအတွင်း၊ ရွာပြင်ပရှိ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အစုအဖွဲ့များ၊ အရေးကြီးပုဂ္ဂိုလ်များ၏ အရေးပါမှုနှင့် တစ်ဖွဲ့ နှင့် တစ်ဖွဲ့ကြား ဆက်စပ်မှု အတိုင်းအတာများကို သိရှိရန်။

**တက်ရောက်သူများ Participants**

ရပ်မိ၊ ရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့။

**ကြာမြင့်ချိန် Duration**

(၁)နာရီ

## Facilitator က ကူညီဆောင်ရွက်ရန်အဆင့်များ

Facilitator က အဖွဲ့အား ရွာတွင်းရှိအဖွဲ့အစည်းများစာရင်းကို ပထမဦးစွာမေးရပါမည်။ ထို့နောက် ကျေးရွာအား ကိုယ်စားပြုမည့် စက်ဝိုင်းကြီးတစ်ခုရေးဆွဲရမည်ဟု တိုက်တွန်းရပါမည်။ စက်ဝိုင်းကြီးသည် ကျေးရွာကိုကိုယ်စားပြုပါသည်။ စာရင်းပြုထားသော အဖွဲ့များကို စက်ဝိုင်းကြီးအတွင်း၌ စက်ဝိုင်းငယ်များဖြင့် ဖော်ပြခိုင်းရပါမည်။ ကျေးရွာအတွက် အရေးကြီးသောအဖွဲ့ကို စက်ဝိုင်းအရွယ်အစားကြီးကြီး ဖော်ပြ၍ အရေးကြီးမှုလျော့နည်းသောအဖွဲ့ကို စက်ဝိုင်းအရွယ်အစားငယ်ဖြင့် ဖော်ပြပါမည်။ ၎င်းအဖွဲ့များ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုကောင်းလျှင် စက်ဝိုင်းများနီးကပ်စွာထားပြီး ပူးပေါင်းဆာင်ရွက်မှုနည်းလျင် စက်ဝိုင်းချင်းခွာ၍ထားပါမည်။ ပူးပေါင်းဆောင်ရွက်မှု ပိုကောင်းရန် ဆောင်ရွက်ရန်လိုအပ်သည့် အချက်များကိုလည်း မေးမြန်းဆွေးနွေးရပါမည်။

### အဆင့် ၃. ကျေးရွာလက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုဝေဖန်ဆန်းစစ်ခြင်း

အကဲဖြတ်ဆန်းစစ်ရမည့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေဆိုင်ရာအချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊
- စီးပွားရေးအခြေအနေ၊
- ဝင်ငွေနှင့် ထွက်ငွေ၊
- ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ၊
- စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊
- ဘေးဒုက္ခအန္တရာယ်လျှော့ချခြင်းအပါအဝင်ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲခြင်း၊
- ငွေကြေးနှင့် ဘဏ်လုပ်ငန်းများလက်လှမ်းမှီမှု၊
- ပညာရေးနှင့် ကျန်းမာရေးအခြေအနေနှင့် ဝန်ဆောင်မှု၊
- လူမှုအဆောက်အအုံများအခြေအနေ၊
- လျှပ်စစ် နှင့် ဆက်သွယ်ရေးလုပ်ငန်း၊
- ယဉ်ကျေးမှုနှင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေး၊
- ဘေးကင်းလုံခြုံမှု။

- အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus Group Discussion) ပြုလုပ်ရာတွင် လယ်သမား၊ တံငါ၊ ကျပန်းနှင့် အခြားသောလုပ်ငန်းလုပ်ကိုင်သူများ ပါဝင်သည့် အသက်မွေးဝမ်းကြောင်းကဏ္ဍအဖွဲ့ ၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့များနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း (FGD) ဆောင်ရွက်ရန်ဖြစ်ပါသည်။

- အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus Group Discussion) ပြုလုပ်ရာတွင် ကျေးရွာသံယဇာတမြေပုံ၊ ၁၂လ ရာသီပြက္ခဒိန်၊ အဖွဲ့အစည်းများဆက်သွယ်မှုအခြေအနေပြပုံ၊ Secondary Data များကိုအသုံးပြု၍ဆွေးနွေးရပါမည်။ ဆွေးနွေးသုံးသပ်ဆန်းစစ်မည့် လုပ်ငန်းအဆင့်များကိုအောက်ပါအတိုင်းအသေးစိတ်ဖော်ပြထားပါသည်။

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ |
|---|---|
| **ကျေးရွာအဖွဲ့အစည်းများ အခြေအနေ**<br>• ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ရွာတွင်း ရွာပြင်အဖွဲ့အစည်းများ<br>• ရွာလူထုအတွက် အရေးကြီးသည့် အဖွဲ့အစည်းများနှင့် အကြောင်းပြချက်များ၊<br><br>**နည်းစနစ်**<br>• Venn Diagram<br>• ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့ | • ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရန် မည်သည့်အဖွဲ့အစည်းများရှိပါသလဲ။ (ရွာတွင်းအဖွဲ့/ ပြင်ပအဖွဲ့)<br>• မည်သည့်အဖွဲ့အစည်းများ/အုပ်စုများသည် အရေးကြီးအဖွဲ့များဖြစ်သည်ဟုရွာသူ/ရွာသားများမှ အလေးထားပါသလဲ၊ ဘာကြောင့်ပါလဲ။<br>• မည်သည့် အဖွဲ့အစည်းများ/အုပ်စုများကိုမည်သူ၏အစီအစဉ်ဖြင့် ဖွဲ့စည်းခဲ့ပါသလဲ။<br>• ကျေးရွာတွင်းအဖွဲ့အစည်းများ/အုပ်စုများကြားပူးပေါင်းဆောင်ရွက်မှုအခြေအနေဘယ်လိုရှိပါသလဲ? ပြုပြင်ဆောင်ရွက်ရန်ရှိပါသလား။? ဘာတွေလဲ?<br>• ကျေးရွာအတွင်းဆုံးဖြတ်ချက်ချမှတ်ရေးနှင့်ပတ်သက်သောအခက်အခဲများ/ ပြုပြင်ရန်များရှိပါလား? ဘာတွေလဲ?<br>• မိသားစုအဆင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာအထောက်အပံ့အကူအညီများကိုမည်သည့်အဖွဲ့ကဆောင်ရွက်နေပါသလဲ?<br>• အထက်တွင်ဆွေးနွေးခဲ့သောအကြောင်းအရာများအပေါ်အခက်အခဲများ၊ ပြုပြင်ရန်များဖြစ်ရခြင်း၏အကြောင်းရင်းဇစ်မြစ်တွေကဘာတွေလဲ?<br>• ကျေးရွာ၏ဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းဆိုင်ရာစနစ် တိုးတက်ရေးအတွက်ဘာတွေလုပ်ဖို့လိုပါသလဲ? |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ |
|---|---|
| • အလုပ်အကိုင်ရှိသူများ အုပ်စု၊ ရပ်မိရပ်ဖ သက်ကြီးရွယ်အိုအုပ်စု၊ အမျိုးသမီးအုပ်စု၊လူငယ် အုပ်စုများနှင့် FGD ပြုလုပ်ခြင်း | |
| **စိုက်ပျိုးရေး–သီးနှံ**<br>• သီးနှံတိုးတက်ထုတ်လုပ် ရေးဆိုင်ရာအထောက် အပံ့ဖြစ်စေမည့် အခြေ အနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ၊ ဖြေရှင်းနည်းများ၊<br>• လယ်သမားများ၏ ရည်မှန်းချက်၊ ပန်းတိုင် များ၊<br><br>**လုပ်ငန်းစဉ်**<br>• ကျေးရွာသံယံဇာတပြ မြေပုံ | အိမ်ထောင်စုများလယ်ယာမြေပိုင်ဆိုင်မှု<br>• မိသားစုများ၏ မြေယာပိုင်ဆိုင်မှုအခြေအနေဘယ်လိုရှိပါသလဲ? (လယ်သမားငယ်၊ လယ်သမားလတ်၊ လယ်သမားကြီးစသည်ဖြင့်)<br>• တစ်အိမ်ထောင်ချင်းမြေယာပိုင်ဆိုင်မှုအခြေအနေတိုးတက်လာအောင် ဘယ်လိုလုပ်နိုင်မလဲ။<br>• အထက်ပါ ဖော်ပြခဲ့သည့် လုပ်ဆောင်ရမည့်ကစ္စများကိုဘာကြောင့်မဆောင်ရွက်နိုင်တာလဲ?<br>• ကျေးရွာမှာမြေယာပိုင်ဆိုင်မှုတွေတိုးလာဖို့ ဘာအခြေအနေကောင်းတွေရှိပါသလဲ?<br>• ကျေးရွာမှာမြေယာပိုင်ဆိုင်မှုတွေတိုးလာဖို့ ဘာတွေလုပ်နိုင်သလဲ။<br><br>**ဆည်ရေသောက် မြေဧရိယာ**<br>• စိုက်ပျိုးရေးသွင်းရေအရင်းအမြစ်တွေကဘာအမျိုးအစားရှိပါသလဲ?<br>• အရင်းအမြစ်အလိုက် ဧကလွှမ်းခြုံမှုအခြေအနေဘယ်လိုရှိပါသလဲ?<br>• တစ်နှစ်ပတ်လုံးစိုက်ပျိုးရေရရှိနိုင်ပါသလား?<br>• သွင်းရေ/ ဆည်ရေရဖို့အတွက် အခက်အခဲများ၊ ဖြစ်စေသောအကြောင်းရင်းများနှင့်အလားအလာရှိမှုတွေကဘာတွေလဲ။ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ |
| --- | --- |
| • ၁၂လ ရာသီပြက္ခဒိန်၊<br>• လယ်သမားအုပ်စုနှင့် FGD ပြုလုပ်ခြင်း<br>• ရှိပြီးသောကိန်းဂဏန်းများနှင့် အချက်အလက်များ | • ဆည်ရေသောက်ကေတိုးလာဖို့ ဘာလုပ်နိုင်သလဲ။<br>**အဓိကသီးနှံများနှင့် ထုတ်လုပ်မှု**<br>• ကျေးရွာမှာအဓိကစိုက်ပျိုးသောသီးနှံတွေကဘာတွေလဲ၊ သီးနှံအလိုက် အထွက်နှုန်းကဘယ်လိုရှိပါသလဲ?<br>• မိသားစုတွေရဲ့ ဝင်ငွေတိုးတက်ဖို့ အလားအလာအရှိဆုံးသီးနှံတွေကဘာတွေလဲ။<br>• သီးနှံအလိုက် အထွက်နှုန်းတိုးဖို့ ကန့်သတ်ထားတဲ့ အရာတွေကဘာတွေလဲ။ (အခက်အခဲ၊ ဖြစ်စေသောအကြောင်းရင်း)<br>• သီးနှံအထွက်နှုန်းတိုးဖို့ အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းတွေကဘာတွေလဲ။<br><br>**လယ်ယာသုံးစက်ကိရိယာများ**<br>• ကျေးရွာမှာဘယ်လယ်ယာသုံးစက်ကိရိယာဘာအမျိုးအစားတွေသုံးနေပြီလဲ?<br>• ရွာမှာအဲဒီစက်ကိရိယာတွေကိုဘယ်လိုလည်ပတ်သုံးစွဲကြသလဲ? အဲဒါတွေကိုဘယ်လိုရသလဲ။<br>**လယ်သမားများ၏ ရည်မှန်းချက်**<br>• သီးနှံအထွက်နှုန်းတိုးအောင် ဘာတွေဆောင်ရွက်လိုတာလဲ?<br>• နောင် ၅ – ၁၀ နှစ်မှာစိုက်ပျိုးရေးသီးနှံထွက်ရှိမှုနှင့် ပတ်သက်ပြီး ဘယ်လိုမြင်ချင်ပါလဲ။ |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ |
| --- | --- |
| **မွေးမြူရေးနှင့်ရေ လုပ်ငန်း**<br>• ဖွံ့ဖြိုးရေးကို အလား အလာ ဖြစ်စေသော အခြေ အနေကောင်း များ၊ရင်ဆိုင်ကျော်လွှား ရမည့်အဟန့်အတား များ၊ တိရိစ္ဆာန်တိုး တက်မွေးမြူနိုင်ရေး အတွက် ဖြေရှင်းရန် နည်းလမ်းများ<br>• တောင်သူလယ်သမား များ၏ ရည်မှန်းချက် များ၊<br>**နည်းစနစ်များ**<br>• ကျေးရွာမြေပုံ<br>• ရာသီခွင်ပြပြက္ခဒိန်<br>• ဦးတည်အုပ်စုဆွေးနွေး ခြင်း (အသက်မွေးဝမ်း ကျောင်းကဏ္ဍအဖွဲ့) | • ကျေးရွာအတွင်း၌မည်သည့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသလဲ?<br>• မည်သည့်မွေးမြူရေးသည်အရေးပါဆုံးလဲ?<br>• ဘာကြောင့်အရေးပါဆုံးလဲလို့ ပြောနိုင်ပါသလဲ?<br>• ဆင်းရဲသောအိမ်ထောင်စုအတွက်မည်သည့် မွေးမြူရေးလုပ်ငန်းကအသင့်တော်ဆုံးလဲ?ဘာကြောင့်လဲ?<br>• မွေးမြူရေးလုပ်ငန်းတွင် အမြတ်(သို့)အရေအတွက် တိုးပွားရန်အတွက် ဘာလုပ်ရမလဲ? ၎င်းတို့ကိုဘာကြောင့်မလုပ်တာလဲ?<br>• မွေးမြူရေးလုပ်ငန်းတွင် အသေအပျောက်များခြင်းရဲ့အဓိကအကြောင်းရင်းကဘာလဲ?<br>• ဒီပြဿနာကိုကျော်လွှားနိုင်ရန်အတွက် ဘာလုပ်နိုင်မလဲ?<br>• နောင်လာမည့်ငါးနှစ်မှ ဆယ်နှစ်အတွင်းမှာမွေးမြူရေးလုပ်ငန်းအတွက် သင်ဘယ်လိုမြင်ချင်သလဲ?<br>**ငါးထုတ်လုပ်မှု**<br>• ရွာ၏ငါးထုတ်လုပ်မှုအခြေအနေကဘယ်လိုရှိသလဲ?<br>• (ငါးကန်နှင့်အခြားငါးထုတ်လုပ်ခြင်း (ပြဿနာများ၊အကြောင်းအရင်းများ)ကို တိုးတက်စေရန်ဘာတွေကကန့်အသတ်ထားသလဲ? တိုးတက်ရန်အလားအလာတွေကဘာတွေလဲ?<br>• ငါးထုတ်လုပ်မှုတိုးတက်ရန်အတွက်ဘာလုပ်နိုင်မလဲ? နောင် (၅-၁၀) နှစ်တွင် ငါးထုတ်လုပ်မှုကိုသင်ဘယ်လိုမြင်ချင်ပါသလဲ? |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ |
|---|---|
| **စိုက်ပျိုးရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်း များ**<br><br>• ကျေးရွာလူထုအတွက် စိုက်ပျိုးရေးမဟုတ် သောစီးပွားရေးလုပ် ဆောင်မှုများတိုးတက် ရန် အတွက်အခြေအနေ ကောင်းများ၊အဟန့် အတားများ၊ ရည်မှန်း ချက်များ၊<br>**နည်းစနစ်**<br>• အသက်မွေးဝမ်း ကျောင်းကဏ္ဍအဖွဲ့ ဖြင့်ဆွေးနွေးခြင်း | • ကျေးရွာမှ ကျေးရွာမိသားစုများမှီခိုနေသောစိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းအမျိုးအစားများက ဘာလဲ?<br>• မည်သည့်လုပ်ငန်းသည်အလားအလာရှိ၍ မည်သည့်လုပ်ငန်းသည် အလားအလာမရှိသနည်း ?ဘာကြောင့်လဲ?<br>• ကျေးရွာလူထုအတွက် စိုက်ပျိုးနှင့်မွေးမြူရေးမဟုတ်သောလုပ်ငန်းများများ ဖွံ့ဖြိုးတိုးတက်မှုကို ကန့်သတ်နေသော အချက်တွေကဘာတွေလဲ ?<br>• ၎င်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု အထောက်ပံ့ဖြစ်စေမည့် အချက်တွေကဘာတွေလဲ?<br>• non-farm activities ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘာလုပ်နိုင်မလဲ?ဘာကြောင့်လဲ?<br>• နောင်လာမည့်ငါးနှစ်မှ ဆယ်နှစ်အတွင်းမှာသင့်ကျေးရွာ၏စီးပွားရေးအခြေအနေကိုသင်ဘယ်လိုမြင်ချင်သလဲ? |
| **ကုန်စည်နှင့်ဝန်ဆောင်မှု ဆိုင်ရာဈေးကွက်**<br>• ဈေးကွက်ဖွံ့ဖြိုးရေး အတွက် အကြောင်းကိစ္စ အခြေအနေကောင်းများ | • အနီးဆုံးဈေးကဘယ်နေရာမှာရှိသလဲ?<br>• အဲဒီမှာဘာကုန်စည်ကိုဝယ်နိုင်/ရောင်းနိုင်သလဲ?<br>• အဲဒီဈေးကိုအဓိကပို့ဆောင်ပေးသောလမ်းကဘာလဲ?<br>• အဲဒီဈေးသို့သွားရန်ကုန်ကျစရိတ်?<br>• အခြားပို၍ကြီးသောဈေးဆိုရင် ဘယ်ဈေးမှာရောင်းဝယ်မှုပြုပါသလဲ? |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ |
|---|---|
| နှင့်ဖြစ်နိုင်သောဖြေရှင်းနည်းများ<br>**နည်းစနစ်**<br>• အသက်မွေးဝမ်းကျောင်းအဖွဲ့ဖြင့်ဆွေးနွေးခြင်း | • အဲဒီမှာဘာကုန်စည်နှင့်ဝန်ဆောင်မှုများကိုရောင်းနိုင်သလဲ?<br>• အဲဒီမှာရောင်းချခြင်းဖြင့်ဈေးကောင်းပိုပြီးရရှိနိုင်ပါသလား?<br>• ဘာတွေကွာခြားမှုရှိသလဲ? |
| **ဘဏ်နှင့်ငွေရေးကြေးရေးဝန်ဆောင်မှုများကိုရရှိနိုင်မှု**<br>**နည်းစနစ်**<br>• အသက်မွေးဝမ်းကျောင်းအဖွဲ့ဖြင့်ဆွေးနွေးခြင်း | • လိုအပ်လျှင် ဘယ်နေရာမှာငွေချေးပါသလဲ?<br>• သင်တို့ချေးယူတဲ့နေရာအလိုက် လိုအပ်တဲ့ချေးငွေဆိုင်ရာသတ်မှတ်ချက်တွေကဘာတွေလဲ?<br>• ချေးငွေရရှိရန် ဘယ်လိုအခက်အခဲတွေရှိလဲ? ဘာတွေဆောင်ရွက်ရမလဲ? |
| ပညာရေး၊ ကျန်းမာရေးအခြေအနေများနှင့်ဝန်ဆောင်မှုများ<br>• ပညာရေး၊ကျန်းမာရေးနှင့် အရေးကြီးကိစ္စများ၊ဖြေရှင်းနည်းများနှင့်ရည်မှန်းချက်များ | **စာတတ်မြောက်မှုနှုန်း**<br>• ကျေးရွာအတွင်းစာတတ်မြောက်မှုနှုန်းကဘယ်လိုရှိသလဲ?<br>**ကျောင်းဝင်နှုန်း**<br>• ဒီကျောင်း၌ ကျောင်းသားဘယ်လောက်ရှိသလဲ?<br>• ကျောင်းမနေနိုင်သောမူလတန်းအရွယ်ကျောင်းသားများဘယ်လောက်ရှိသလဲ? ဘာကြောင့်သူတို့ကျောင်းမနေသလဲ? ဘာကြောင့်ကျောင်းထွက်လိုက်သလဲ? |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ |
|---|---|
| **နည်းစနစ်**<br>• ကောက်ယူထားပြီး ဖြစ်သောအချက်များ<br>• ကျေးရွာမြေပုံ<br>• ကျောင်းသားမိဘနှင့် ဆရာအသင်း၊ ရပ်မိရပ်ဖအဖွဲ့တို့ဖြင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း | **ကျောင်းအဆောက်အဦးများအခြေအနေ**<br>• ကျောင်း၏အရွယ်အစားနှင့်ကျောင်း၏ကြံ့ခိုင်မှု ကဘယ်လိုအခြေအနေရှိသလဲ ?<br>• သောက်သုံးရေကိုမည်သည့်နေရာမှ ရရှိသလဲ ?<br>• သောက်သုံးရေရရှိရန် ဘယ်နေရာထိသွားရသလဲ ?<br>• ကျောင်းဆရာ/မဘယ်နှစ်ယောက်ရှိသလဲ ?<br>• ကျောင်းအိမ်သာနှင့်ပရိဘောဂအခြေအနကဘယ်လိုရှိသလဲ ?<br>• ကျေးရွာလူထု၏ပညာရေးတိုးတက်ရန်အတွက်ပြဿနာအကြောင်းအရာတွေကဘာတွေလဲ ?ပြဿနာကိုဖြစ်စေတာကဘာတွေလဲ ?<br>• ကျေးရွာ၏ပညာရေးအခြေအနေကိုတိုးတက်ရန် ဘာလုပ်နိုင်သလဲ ?<br>• နောင်လာမည့်ငါးနှစ်မှ ဆယ်နှစ်အတွင်းမှာသင့်ကျေးရွာ၏ပညာရေးအခြေအနေကိုသင်ဘယ်လိုမြင်ချင်သလဲ ?<br>**ရောဂါဖြစ်ပွားမှု**<br>• ကျေးရွာသူ/သားများမည်သည့်ရောဂါများအဖြစ်များပါသလဲ<br>**ကျန်းမာရေးဆိုင်ရာအထောက်အပံ့များနှင့် ဝန်ဆောင်မှုများ**<br>• ကျေးရွာ၌ဆေးပေးခန်းရှိသလား ?ကျေးရွာအတွင်း၌ကျန်းမာရေးဝန်ဆောင်မှုများရနိုင်သလား ?<br>• အကယ်၍ မရှိခဲ့လျှင် ရွာအနီးအနားမှာရှိသောအနီးဆုံးကျန်းမာရေးဆေးပေးခန်းကဘယ်လောက်ဝေးသလဲ ?<br>• ဆေးပေးခန်း၌ ဆရာဝန်၊သူနာပြု၊ဝမ်းဆွဲဆရာမ၊ကျန်းမာရေးဝန်ထမ်း၊ ကိရိယာပစ္စည်းအစရှိသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၏အခြေအနေကဘယ်လိုရှိသလဲ ?<br>• အနီးဆုံးဆေးရုံကဘယ်လောက်ဝေးပြီးကျန်းမာရေးအထောက်အကူပြုပစ္စည်းအခြေအနေကဘယ်လိုရှိသလဲ ?<br>• ဆေးရောင်းချသည့် ဆေးဆိုင်ကိုလက်လှမ်းမှီမှုအခြေအနေဘယ်လိုရှိပါသလဲ ?<br>• ဆေးရရှိမှုနှင့် သိုလှောင်ထားရှိမှုအခြေအနေ (အအေးပေးသောအခြေအနေ)ကဘယ်လိုရှိသလဲ ? |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ |
|---|---|
| | • အခြားသောအကြံပေးလိုမှုများရှိပါသလား ?<br>**သောက်သုံးရေသောက်သုံးနိုင်မှု**<br>• သောက်သုံးရေကိုမည်သည့်နေရာများမှ ရရှိသလဲ ?<br>• ရေတွင်းနှင့်ရေကန်ဘယ်လောက်ရှိသလဲ ?သောက်သုံးရန်သန့်ရှင်းမှုရှိပါသလား ?<br>• တစ်နှစ်အတွင်းသောက်သုံးရေလုံလောက်မှုရှိပါသလား ? မရှိလျှင် ဘယ်အချိန်မှာမလုံလောက်တာလဲ ?<br>**ပတ်ဝန်းကျင်သန့်ရှင်းရေး**<br>• ယင်လုံအိမ်သာသုံးစွဲသောအိမ်ထောင်စုအရေအတွက် ဘယ်လောက် ရှိသလဲ ?<br>ယင်လုံအိမ်သာသုံးစွဲမှုနှင့်ပတ်သက်၍ အခက်အခဲနှင့် ဖြစ်ရခြင်းအကြောင်းအရင်း ?<br>• ကျေးရွာကျန်းမာရေးတိုးတက်မှုအခြေအနေအတွက် ဘယ်လိုအခြေအနေကောင်းတွေရှိပါသလဲ ?<br>• ကျေးရွာလူထုကျန်းမာရေးအခြေအနေတိုးတက်ရန် ဘာလုပ်နိုင်သလဲ ? |
| **လျှပ်စစ်စွမ်းအင်၊ ဖုန်း၊ ကြေးနန်းစသောဆက်သွယ်ရေးအဆောက်အအုံအခြေအနေ**<br>Tool လုပ်ငန်းစဉ်<br>• ကျေးရွာမြေပုံ<br>• လူငယ်အဖွဲ့ နှင့် ရပ်မိရပ်ဖ၊ သက်ကြီးရွယ် အိုအုပ်စုများနှင့် FGD ပြုလုပ်ခြင်း | **ကျေးရွာပို့ဆောင် ဆက်သွယ်ရေးအဆောက်အဦးနှင့် ပို့ဆောင်ရေးဝန်ဆောင်မှု**<br>• ကျေးရွာလမ်းအခြေအနေကဘယ်လိုလဲ ?<br>• ဘာလမ်းမျိုးတွေလဲ။ လမ်းအခြေအနေကရောကောင်းလား၊ဆိုးလား ?<br>• ဘယ်အချိန်ကလုပ်ခဲ့တာလဲ။ တစ်နှစ်ပတ်လုံးသုံးနိုင်လား ?<br>• ၎င်းလမ်းကဘယ်လောက်အကွာအဝေးရှိလဲ။ ဘယ်နည်းနဲ့ သယ်ယူပို့ ဆောင်လဲ ?<br>• အခြားသောပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးတွေကဘာတွေလဲ ?<br>• ၎င်းတို့၏ အခြေအနေ (အရွယ်အစား၊ တည်ဆောက်သောနှစ်၊ ရာသီတိုင်းအသုံးပြုနိုင်မှု) ကဘယ်လိုလဲ ?<br>• ရေလမ်းရှိသလား။ ဘာနဲ့ သွားလျှင် ဘယ်လောက်အချိန်ယူရလဲ ?<br>• ကျေးရွာမှာဘယ်လိုသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုမျိုးတွေရနိုင်သလဲ ?<br>• သယ်ယူပို့ဆောင်ရေးကောင်းလာရန်လက်ရှိ အခက်အခဲတွေနဲ့ ပိုကောင်းဖို့ အထောက်အပံ့ ဖြစ်စေမည့် |

| ဆန်းစစ်မည့်အချက်/ နည်းစနစ် | မေးခွန်းများ |
|---|---|
| | အချက်တွေကဘာတွေလဲ။ အလားအလာတွေကဘာတွေလဲ။<br>• ကျေးရွာသယ်ယူပို့ဆောင်ရေးတိုးတက်အောင် ဘာလုပ်ပေးနိုင်လဲ။<br>**လျှပ်စစ်စွမ်းအင်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ**<br>• ကျေးရွာရှိအိမ်ထောင်စုများ လျှပ်စစ်ကိုဘယ်နေရာကရရှိကြပါသလဲ?<br>• ဘယ်လိုလုပ်ငန်းလည်ပတ်နေလဲ? ဘယ်လိုပြုပြင်ထိန်းသိမ်းပါသလဲ? ကောင်းလား? ဆိုးလား?<br>• ကျေးရွာလူထုအနေနဲ့ လျှပ်စစ်ဓါတ်အားသုံးစွဲမှုတိုးတက်လာရန် ဘာလုပ်ပေးနိုင်သလဲ?<br>• ကျေးရွာမှာဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ရရှိရန်ဘယ်လိုအထောက်အပံ့ပစ္စည်းများရှိလဲ?<br>• သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး သင်ဘယ်လိုမြင်ချင်ပါသလဲ? |
| ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်စေမည့်အခြေအနေကောင်းများ | **ရှင်းလင်းဖော်ပြချက်နှင့်ဝေဖန်ဆန်းစစ်ချက်များ** | **သတင်း အရင်း အမြစ်** |
|---|---|---|
| သဘာဝပတ်ဝန်းကျင်နှင့်အမွေအနှစ်များ လက်လှမ်းမီမှုကို ကန့်သတ်ထားသော အချက်များ | • အရည်အသွေးနိမ့်စိုက်ပျိုးမြေ- ဆားငံရည်ဝင်ရောက်ခြင်း၊ မြေဆီလွှာကျဆင်းနေသောကုန်းမြေ<br>• ကုန်းတွင်းငါးဖမ်းမှုဆိုင်ရာ အရင်းအမြစ်လက်လှမ်းမီခြင်း - ငါးဖမ်းခွင့်ရပိုင်ခွင့်အတွက်ခက်ခဲသောလက်လှမ်းမီမှု၊ငါးဖမ်းခွင့်ကိုတစ်ဦးတစ်ယောက်က ထိန်းချုပ်ခြင်း | |

## ၈။ ဖွံ့ဖြိုးရေးဗျူဟာ နှင့် ရည်မှန်းချက် ပန်းတိုင်များ

ဤအခန်းတွင် ကျေးရွာလူထုရည်မှန်းထားရှိသည့် ဖွံ့ဖြိုးရေးပန်းတိုင်အကြောင်းကို တင်ပြထားပါသည်။ ပန်းတိုင်အကြောင်းဖော်ပြပြီးလျှင် ကျေးရွာသူ/ ကျေးရွာသားများ ရင်ဆိုင်ရမည့် အခက်အခဲများ၊ အတားအဆီးများကို ကျော်လွှားရန် ဗျူဟာကို ဆက်လက်ဖော်ပြ သွားပါမည်။ (ဒေသတွင်ရှိပြီးဖြစ်သည့်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသောအချက်များနှင့် ဖြစ်နိုင်ချေရှိသော အနေအထားများကိုအကောင်းဆုံးအသုံးပြုပြီး)

ဗျူဟာကို နှစ်ပိုင်းခွဲဖော်ပြထားပါသည်။ အထွေထွေဖွံ့ဖြိုးရေးဗျူဟာနှင့် ဖွံ့ဖြိုးရေးဗျူဟာကိုသိရှိ၍ နားလည်စေရန် အထောက်အကူပြုသော တိတိကျကျချထားသော ဗျူဟာဖြစ်ပါသည်။

ဤဗျူဟာသည် ကျေးရွာ၏စိတ်ကူးစိတ်သန်းနှင့် အမြင်တို့ကို မြို့နယ်ဌာနဆိုင်ရာများ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ အကြံပြုချက်များကိုပေါင်းစပ်၍ ပြုစုထားခြင်းဖြစ်ပါသည်။ အခြားအဖွဲ့အစည်း၏ ကျေးရွာအပေါ် စီစစ်အကဲဖြတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားပါသည်။

| ဖွံ့ဖြိုးရေးဗျူဟာ | ဆောင်ရွက်မည့် ဗျူဟာ |
|---|---|
| ၁။ လုပ်ငန်းဆောင်ရွက်ရန် အရင်းအနှီးပံ့ပိုးခြင်း | • အခြေအနေပေါ် မူတည်ငွေလွှဲပေးခြင်း<br>• အသေးစား ချေးငွေ<br>• ကိုယ့်အားကိုယ်ကိုး ကျေးရွာဘဏ်<br>• ကျေးရွာ လည်ပတ်ရန်ပုံငွေ<br>• သွင်းအားစု ပံ့ပိုးခြင်း ( မျိုးစေ့၊ မြေဩဇာ) |
| ၂။ အသက်မွေးဝမ်းကြောင်းသုံး ပစ္စည်းများ ဖန်တီးပေးခြင်း | • သောက်ရေပေးဝေခြင်း နှင့် ယင်လုံအိမ်သာ ပံ့ပိုးခြင်း<br>• စွမ်းအင်ပြန်ဖြည့် လျှပ်စစ်မီးပေးရေး<br>• သတင်းလွှာ၊ ဂျာနယ်၊ တယ်လီဖုန်း၊ အင်တာနက် စသည့် ဆက်သွယ်ရေး ကွန်ယက် ကိရိယာများ<br>• ထင်းသက်သာမီးဖို ဖြန့်ဝေခြင်း<br>• စပါးဘဏ် |

| ဖွံ့ဖြိုးရေးဗျူဟာ | ဆောင်ရွက်မည့် ဗျူဟာ |
|---|---|
| | • ကလေးစောင့်ရှောက်ရေးဂေဟာ<br>• သယ်ယူပို့ဆောင်ရေးလုပ်ငန်း<br>• အစားအသောက် ပြုပြင်ရေး |
| ၃။ ဝင်ငွေရ လုပ်ငန်းများ | • ရာသီအလိုက် အလုပ်ဖန်တီးပေးခြင်း<br>• ရိုးရာအထည် ယက်လုပ်ခြင်း<br>• လက်မှုပစ္စည်း ထုတ်လုပ်ခြင်း<br>• စိုက်ပျိုးရေး နှင့် မပတ်သက်သော လုပ်ငန်း( ဆံပင်ညှပ်၊ စက်ပြင်)<br>• သစ်မဟုတ်သော သစ်ထွက်ပစ္စည်း ထုတ်ယူခြင်း<br>• တစ်ပိုင်တစ်နိုင် မွေးမြူရေး<br>• ဘက်စုံ ဥယျာဉ်တည်ထောင်ခြင်း |
| ၄။ လူမှုစီးပွားရေးတိုးတက်ရေး အတွက် အဆောက်အဦးဆိုင်ရာ ပံ့ပိုးခြင်း | • ကျေးရွာလမ်း၊ တံတားဆောက်လုပ်ခြင်း နှင့် ထိမ်းသိမ်းခြင်း<br>• မြေယာဖော်ထုတ်ခြင်း<br>• စိုက်ပျိုးရေးအတွက် အသေးစား ဆည်မြောင်း<br>• ရေဝေ၊ ရေလဲ ထိန်းသိမ်းခြင်း<br>• ကျောင်းဆောက်ခြင်း၊ ပြုပြင်ခြင်း<br>• ကျေးရွာဆေးခန်း ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း<br>• လျှပ်စစ်မီး ဖြန့်ဝေခြင်းလုပ်ငန်း( အစိုးရဓါတ်အားလိုင်း၊ နေရောင်ခြည် စွမ်းအင်၊ လေစွမ်းအင်သုံး)<br>• ဘက်စုံသုံး အဆောက်အဦးများ<br>• ကျေးရွာထုတ်ကုန်သိုလှောင်ရန် တန်ဖိုးမြင့် လုပ်ငန်းလုပ်ရန် နေရာ<br>• ဈေးဆောက်လုပ်ခြင်း<br>• |

| ဖွံ့ဖြိုးရေးဗျူဟာ | ဆောင်ရွက်မည့် ဗျူဟာ |
|---|---|
| ၅။ သဘာဝ ပတ်ဝန်းကျင် တည်ငြိမ်ရေးနှင့် ပတ်ဝန်းကျင်မပျက် ထုတ်လုပ်ရေး | • ကျေးရွာပိုင် သစ်တောစိုက်ခင်း ထူထောင်ခြင်း<br>• မိသားစုပိုင် သစ်တောစိုက်ခင်း ထူထောင်ခြင်း<br>• ကျေးရွာစီမံသည့် စားကျက် ထူထောင်ခြင်း<br>• ရေထွက်နေရာ ထိန်းသိမ်းခြင်း နှင့် နွံတောနေရာ ထိန်းသိမ်းခြင်း<br>• အပင်စုံ စိုက်ခင်းများ ကာကွယ်ခြင်း<br>• ကျေးရွာအခြေပြု အမှိုက်သိမ်းစနစ် နှင့် မြေဆွေးပြုလုပ်ခြင်း<br>• ကျေးရွာအခြေပြု ငါးသံယံဇာတ ထိန်းသိမ်းခြင်း |
| ၆။ လူထုအင်အားစုစည်းခြင်း၊ ကျွမ်းကျင်မှု တိုးမြှင့်ရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပတ်ဝန်းကျင် သဘာဝအန္တရာယ် ကျရောက်ခြင်းတို့ လျော့နည်းစေရန် ခေါင်းဆောင်မှု စွမ်းရည် နှင့် လူမှုလုံခြုံရေး ကွန်ယက် အားကောင်းစေခြင်းဖြင့် လူထု၏ ရုန်းထနိုင်စွမ်း တိုးတက်စေရေး | • အသက်မွေးမှု ကျွမ်းကျင်စေခြင်း<br>• ကျေးလက်အခြေပြုအဖွဲ့များ ပေါ်ပေါက်လာပြီး ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု ကျွမ်းကျင်လာစေခြင်း<br>• စုဆောင်းငွေ နှင့် အာမခံဝန်ဆောင်မှု<br>• ကျေးလက်ဒေသတွင် သဘာဝအန္တရာယ် ကြိုတင်သတိပေးစနစ် ပြင်ဆင်ထားရှိရေး<br>• ကျေးလက်အခြေပြု ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု<br>• ကျေးလက်အခြေပြု ယဉ်ကျေးမှုဓလေ့ထိန်းသိမ်းခြင်း နှင့် စာတတ်မြောက်ရေး နှင့် ခေါင်းဆောင်မှု၊ ကျွမ်းကျင်မှု၊<br>• နိုင်ငံသားကောင်း ပီသရေး၊ ကျား/မ ဆိုင်ရာ အသိအမြင် |

## ၉။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤအခန်းတွင် ကျေးရွာလူထုအနေနှင့် အကူအညီမပါဘဲ မစွမ်းနိုင်သည့် အကြောင်းအရာများ၊ အခက်အခဲများကို ဖော်ထုတ်တင်ပြထားပါသည်။ အမှန်အားဖြင့် ပြည်ထောင်စုအဆင့် အစိုးရမူဝါဒအရ ဆောင်ရွက်ပေးမှုနှင့် ပံ့ပိုးမှုအစီအစဉ်များ ချမှတ်ပေးခြင်း၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်တို့မှ လုပ်ငန်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ ဤသို့သော မူဝါဒရေးရာနှင့် ပံ့ပိုးမှုလုပ်ငန်းအစီအစဉ်များ ချမှတ်ပေးခြင်းသည် တစ်နိုင်ငံလုံးရှိ အမျိုးမျိုးသောအစုအဖွဲ့များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသကဲ့သို့ ဒေသရေမြေကွာခြားသည့် နေရာအသီးသီး၏ ဆိုင်ရာလိုအပ်ချက်ကို ထိထိမိမိ ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

## ၁၀။ စီမံကိန်း၊ စီမံချက်များ နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

### (က) တာဝန်ယူဆောင်ရွက်မှုအခြေခံ နှင့် ရင်းနှီးမြုပ်နှံမှုအခြေခံ

စီမံကိန်း၊ စီမံချက်များကို တာဝန်ယူဆောင်ရွက်မှုအခြေခံနှင့် ရင်းနှီးမြုပ်နှံမှုအခြေခံဟူ၍ (၂)မျိုးခွဲထားပါသည်။ သို့မှသာ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်ပါမည်။ ဆောင်ရွက်မှုအခြေခံ၍ ခွဲခြားခြင်းတွင် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအနေနှင့် တာဝန်ပေးထားခြင်းခံရသည့် စီမံကိန်းများ ဖြစ်ပါသည်။ ရင်းနှီးမြုပ်နှံမှုအခြေခံအရ ခွဲခြားရာတွင်−

(၁) ရင်းနှီးမြုပ်နှံမှုကြောင်း ရရှိလာသည့် ဖြစ်ထွန်းမှုများ ဥပမာ အရင်းအနှီး မတည်ပေးခြင်း၊

(၂) စွမ်းရည်မြှင့်တင်ခြင်း ( နည်းပညာ၊ အစုအဖွဲ့ဖြင့် ဆော်ဩစည်းရုံးသည့် ကျွမ်းကျင်မှု)

(၃) ကဏ္ဍစုံ ရင်းနှီးမြုပ်နှံမှုတွင် ငွေအရင်းအနှီးမတည်ပေးခြင်း နှင့် စွမ်းရည်မြှင့်တင်ခြင်း နှစ်ခုလုံး ပါဝင်သည်။

(၄) ဤတစ်မျိုးမှာ လုပ်သားခြင်းစာနာထောက်ထားသော အကူအညီပေးခြင်း ဖြစ်သည်။

**(က) တာဝန်ယူဆောက်ရွက်မှု အခြေခံ၍ ခွဲခြားခြင်း**: အောက်ဖော်ပြပါ ကိစ္စများပါဝင်သည်။ :

| | | |
|---|---|---|
| **၁။ စီးပွားရေး ဖွံ့ဖြိုးမှု** | **၂။ လူသား နှင့် အစုအဖွဲ့ ဖွံ့ဖြိုးရေး** | **၃။ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆောက်အဦး နှင့် ဝန်ဆောင်မှု** |
| • မြေယာ စီမံခန့်ခွဲခြင်း | • ကျန်းမာရေး၊ အဟာရ | • ကုန်းလမ်းပို့ဆောင်ရေး |
| • သီးနှံများ | • ရေ နှင့် သန့်ရှင်းရေး၊ တစ်ကိုယ်ရေ | |

- မြေသြဇာ၊ ပိုးသတ်ဆေး
- ဆည်မြောင်း
- ငါးလုပ်ငန်း
- မွေးမြူရေး
- သစ်တော(စီးပွားဖြစ်ရေရှည်မြဲသစ်တော)
- သမဝါယမများ
- ထုတ်လုပ်ခြင်း နှင့် ကုန်ချောပြုလုပ်ခြင်း
- ကုန်သွယ်
- ကျေးလက်အခြေပြု စီးပွားရေးလုပ်ငန်း
- အလုပ်အကိုင် ဖန်တီးခြင်း နှင့် စွန့်ဦးတည်ထွင်မှုဖွံ့ဖြိုးရေး
- ဘဏ်ငွေကြေး နှင့် အာမခံဆိုင်ရာ
- ခရီးသွားလုပ်ငန်း ( ပတ်ဝန်းကျင် ထိန်းသိမ်းသည့် ခရီးသွားလုပ်ငန်း)
- ဓါတ်သတ္တုများ
- ရေနံ နှင့် ဓါတ်ငွေ့

သန့်ရှင်းရေး

- ပညာရေး နှင့် စာတတ်မြောက်မှု
- အိမ်ယာ နှင့် အဆောက်အဦး
- အခြေချ နေထိုင်မှု
- ရွှေ့ပြောင်းခံ လူထုအား ကာကွယ်ခြင်း နှင့် ပြန်လည်နေရာချထားခြင်း
- ယဉ်ကျေးမှု နှင့် အားကစား
- လူမှုဆိုင်ရာကာကွယ်ရေး
- ကလေးသူငယ် ဖွံ့ဖြိုးရေး
- ကလေးသူငယ် ကာကွယ်ရေး
- ကျား/မ တန်းတူရေး နှင့် အမျိုးသမီးများ စွမ်းရည်တက်ရေး

- တံတား
- ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး
- လေကြောင်း ပို့ဆောင်ရေး

**၄။ လျှပ်စစ် စွမ်းအား**

- ရေအား လျှပ်စစ် စွမ်းအား
- ဓါတ်ငွေ့စွမ်းအင်သုံး လျှပ်စစ်ဓါတ်အား ပေးစက်
- နေရောင်ခြည်သုံး စွမ်းအင်
- လေအားသုံး စွမ်းအင်
- ဇီဝပစ္စည်းသုံး စွမ်းအင်
- ဒီဇယ်လျှပ်စစ်ဓါတ်အားပေးစက်

**၅။ ဆက်သွယ်ရေး**

- တယ်လီဖုန်း ဆက်သွယ်ရေး
- ရေဒီယို ဆက်သွယ်ရေး
- ဆက်သွယ်ရေး ကွန်ယက်

**၆။ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ ယံဇာတ**

- သဘာဝဘေးဒဏ် လျော့နည်းရေး
- ဇီဝမျိုးကွဲ ကြွယ်ဝမှု
- အစုအဖွဲ့ပိုင် သစ်တော
- သစ်တော ထိန်းသိမ်းခြင်း နှင့်

**၇။ ပြည်သူ နှင့် ကျေးရွာအုပ်ချုပ်ရေး**

- ကျေးရွာရှိ အစုအဖွဲ့
- ကျေးရွာလူမှု အင်အား တည်ဆောက်ခြင်း
- အောက်ခြေအဆင့် အစီအစဉ်ဆွဲခြင်း နှင့်

**၈။ အများပြည်သူ ဘေးကင်းလုံခြုံမှု**

- ဥပဒေ စိုးမိုးရေး
- ရဲလုပ်ငန်း
- မီးသတ်

| | |
|---|---|
| ပြန်လည်ရှင်သန် ကြီးထွားစေခြင်း<br>• မြေဆီလွှာ ထိန်းသိမ်းခြင်း<br>• ပျိုးဥယျာဉ် တည်ထောင်ခြင်း<br>• စွန့်ပစ်ပစ္စည်း ထိန်းသိမ်းခြင်း | ဘတ်ဂျက် တွက်ခြင်း<br>• ပြည်သူ့လုပ်ငန်း<br>• ကျေးရွာအဆောက်အဦး |

*(ခ) ရင်းနှီးမြှုပ်နှံမှု အခြေခံခွဲခြားရာတွင်:*

- အရင်းအနှီးမတည်ခြင်း
- စွမ်းရည် မြှင့်တင်ခြင်း
- စွမ်းရည် နှင့် အရင်းအနှီး (၂)ခုပေါင်းပါဝင်သည့် ဘက်စုံ ရင်းနှီးမြှုပ်နှံခြင်း
- လူသားချင်း စာနာထောက်ထားသော အကူအညီ

ဦးစားပေးချထားသော စီမံကိန်းတစ်ခုစီကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။ ကျေးလက်လူထုမှကျေးရွာလုံးကျွတ် အစည်းအဝေးတွင် စိတ်ကြိုက်အမှတ်ပေးရွေးချယ်နည်းကို သုံး၍ ရွေးချယ်သည်။

ဇယားတွင် ဖော်ပြထားသော ဘတ်ဂျက်သည် အစီအစဉ်ရေးဆွဲစဉ်ကာလအတွင်း တွက်ထားသည့် ကိုးကာရန်အတွက်သာ ဖြစ်ပါသည်။ အမှန်ကုန်ကျစရိတ်ကိုသွင်းအားစုများခွဲခြားဖော်ထုတ်ပြီး သက်ဆိုင်ရာကုန်ကျစရိတ်တစ်ခုချင်းရရှိမှရပါသည်။ ဤသို့ရနိုင်ရန် ကျေးရွာလူထုသည် မြို့နယ်အစိုးရဌာနများ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် အခြားဝန်ဆောင်မှုပေးသူများထံမှ အကူအညီယူရန်လိုပါသည်။

ကိုးကားဘတ်ဂျက်တွင် ကျေးရွာမှ ထည့်ဝင်သော ငွေမဟုတ်သည့် ထည့်ဝင်မှုဖြစ်သော ဒေသထွက်ပစ္စည်းများဖြစ်သော သဲ၊ ကျောက်၊ လုပ်အား၊ ပစ္စည်းကိရိယာအသေးအဖွဲများနှင့် သူတို့၏အချိန်တို့ ဖြစ်ပါသည်။ သို့သော်လည်း ရွာ၏ထည့်ဝင်မှုကို အခန်း(၉)တွင် ဖော်ပြထားသော ဘတ်ဂျက်နှင့် ငွေကြေးရနိုင်သည့် လမ်းသွယ်များတွင် ထည့်သွင်းဖော်ပြပေးရမည်။

## (ခ) ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တစ်ခုတွင် ဖော်ထုတ်ရရှိသည့် စီမံကိန်းများ အကျဉ်းချုပ် တင်ပြချက် နမူနာ

အောက်ဖော်ပြပါ ဇယားသည် ပြည်သူလူထုမှ လေ့လာဆန်းစစ်ခွဲခြားဖော်ထုတ်ထားသည့် စီမံကိန်း၊ စီမံချက်များကို ဖော်ပြထားပါသည်.

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ ခွဲခြားခြင်းကဏ္ဍ | ရင်းနှီးမြှုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျက် (ကျပ်) (ခန့်မှန်း နမူနာ) | အကောင် အထည်ဖော် မည့်အစီ အစဉ် ( နမူနာ) | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | က | ခ | ဂ | ဃ | | | | |
| **၁။ စီးပွားရေးဖွံ့ဖြိုးမှု** | | | | | | | | | | |
| ၁ | စိုက်ပျိုးမြေ ဖော်ထုတ်ခြင်း | မြေယာဖော်ထုတ် ခြင်း | √ | | | | | | | **ရည်ရွယ်ချက်**: စိုက်ပျိုးမြေ ဖော်ထုတ်ရန်<br>**အကျိုးခံစားသူများ**: ဆင်းရဲသား အိမ်ထောင်စု<br>**ရလဒ်**: ဖော်ပြီးမြေပေါ် သီးနှံစိုက်ပျိုး၍ ဝင်ငွေတိုးရန် |
| ၂ | စွန့်ပစ်ပစ္စည်း ထိန်းသိမ်းခြင်း နှင့် မြေဆွေး ပြုလုပ်ခြင်း | မြေသြဇာ နှင့် သဘာဝမြေဆွေး | √ | | | | | | | **ရည်ရွယ်ချက်**: စွန့်ပစ်ပစ္စည်း စီမံခြင်း နှင့် မြေဆွေးပြုလုပ်ခြင်း<br>**အကျိုးခံစားသူများ**: ဆင်းရဲသား မိသားစု<br>**ရလဒ်**: မြေဆွေးသုံးစိုက်သဖြင့် အထွက်တိုး ပြီး ဝင်ငွေတိုးရန် |
| ၃ | ရာသီအလိုက် လုပ်ငန်းဖော် ပေးခြင်း(လမ်း ခင်းခြင်း) | အလုပ်အကိုင် ဖန်တီးခြင်း | | | √ | | | | | **ရည်ရွယ်ချက်**: ရာသီအလိုက် လုပ်ငန်းဖော်ပေးပြီး ရွာသားများ ဝင်ငွေရ<br>**အကျိုးခံစားသူများ**: ရွာရှိ ကျပန်းလုပ်သား<br>**ရလဒ်**: ပြင်ပထွက်အလုပ် လုပ်သူ နည်းရန် |

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ | ရင်းနှီးမြုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျ က် (ကျပ်) | အကောင် အထည်ဖော် မည့်အစီ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၄ | အသက်မွေးဝမ်း ကျောင်း ကျွမ်းကျင်မှု တိုးတက်ရေး | လုပ်အားကျွမ်း ကျင်မှုဖွံ့ဖြိုးရေး နှင့် တည်ဆောက် | | √ | | | | | | **ရည်ရွယ်ချက်**: အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှု **အကျိုးခံစားသူများ**: သင်တန်း သားများသည် မူလအကျိုးခံစားသူများ **ရလဒ်**: ကျွမ်းကျင်မှုတိုး၍ ဝင်ငွေတိုး |
| ၅ | စိုက်ပျိုးရေး သွင်းအားစုများ ( မျိုးစေ့၊ မြေသြဇာ) | စိုက်ပျိုးသီးနှံ ဟင်းသီးဟင်းရွက် ထုတ်လုပ်ခြင်း | √ | | | | | | | **ရည်ရွယ်ချက်**: ဆင်းရဲသားအလုပ် သမားများ စိုက်ပျိုးရေး သွင်းအားစုများ ဝယ်နိုင်ရန် **အကျိုးခံစားသူများ**: ဆင်းရဲသားလယ်သမား **ရလဒ်**: ဝင်ငွေတိုး၍ ဆင်းရဲသား လယ်သမား များ ဝယ်နိုင်အားကောင်းလာခြင်း |
| ၆ | ဆည်မြောင်းစနစ် တည်ဆောက်/ ပြုပြင် ( ဆည်၊ ရေလွှဲ၊ မြေအောက်ရေ၊ မြစ်ရေတင်၊ အဝီစိတွင်း) | စိုက်ပျိုးသီးနှံ ဟင်းသီးဟင်းရွက် ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးသွင်း အားစု | √ | | | | | | | **ရည်ရွယ်ချက်**: လယ်သမားများ ဆည်ရေ ရရှိရန် **အကျိုးခံစားသူများ**: ရေသောက် ဧကပေါင်း **ရလဒ်**: သီးနှံအထွက်တိုး၍ ဝင်ငွေတိုး |
| ၇ | တံငါများအားငါး ဖမ်းခြင်းနှင့် ငါးမွေးခြင်းနည်း များအတွက် | ငါးလုပ်ငန်း | | √ | | | | | | **ရည်ရွယ်ချက်**: တံငါမိသားစုများ ငါးဖမ်း၊ငါးမွေးနည်းပိုသိလာစေရန် **အကျိုးခံစားသူများ**: ဆင်းရဲသား တံငါအိမ်ထောင်စု |

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ | ရင်းနှီးမြုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျ က် (ကျပ်) | အကောင် အထည်ဖော် မည့်အစီ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| | ကူညီရန် | | | | | | | | | **ရလဒ်**: တံငါအိမ်ထောင်စုများ ငါးဖမ်း၊ ငါးမွေးရာတွင် နည်းပညာ တိုးပွား |
| ၈ | ကြိတ်ခွဲခြင်းအဆင့်ပြီးကုန်ချော ထုတ်လုပ်ငန်းအတွက်အသေးစား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေး | ကုန်ထုတ်လုပ်ခြင်း နှင့် ကုန်ချောထုတ်ခြင်း | √ | | | | | | | **ရည်ရွယ်ချက်**: အသေးစားစက်မှုလုပ်ငန်းဖြင့် ဝင်ငွေတိုးအခွင့်အလမ်းဖန်တီးရန် **အကျိုးခံစားသူများ**: ဆင်းရဲသား အိမ်ထောင်စု အချို့ **ရလဒ်**: စီးပွားရေးလုပ်ငန်းငယ်များ တိုးချဲ့ခြင်း (ကြိတ်ခွဲခြင်း၊ ကုန်ချောထုတ်ခြင်းနှင့် ဝင်ငွေတိုးခြင်း) |
| ၉ | ရောင်းဝယ်ရေး ပိုကောင်းစေရန် ဈေးအဆောက် အဦးတိုးချဲ့ | ရောင်းဝယ်ရေး | √ | | | | | | | **ရည်ရွယ်ချက်**: ကူးသန်းရောင်းဝယ်ရေး ဝန်းကျင် ပိုမို အဆင်ပြေစေရေး **အကျိုးခံစားသူများ**: အိမ်ထောင်စုအားလုံး **ရလဒ်**: ဈေးအဆောက်အဦးပိုကောင်းပြီး ရောင်းဝယ်မှု ပိုကောင်းပြီး ဝင်ငွေတိုး |
| ၁၀ | အသေးစား ချေးငွေ | ဘဏ်လုပ်ငန်း၊ ငွေကြေး နှင့် အာမခံ လုပ်ငန်း (အသေးစား ချေးငွေ) | √ | | | | | | | **ရည်ရွယ်ချက်**: ရွာတွင်အသေးစားချေးငွေ ရရှိမှု အခွင့်အလမ်းပိုများလာရန် **အကျိုးခံစားသူများ**: အိမ်ထောင်စုများ အားလုံး **ရလဒ်**: ရွာသားများ ဗဟုသုတတိုးပွားပြီး ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းနီးစပ်လာ |

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ | ရင်းနှီးမြှုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျ က် (ကျပ်) | အကောင် အထည်ဖော် မည့်အစီ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁၁ | ကိုယ့်အားကိုယ်ကိုး အစုအဖွဲ့ အခြေပြု ဘဏ်လုပ်ငန်း | ဘဏ်၊ ငွေကြေးနှင့် အာမခံလုပ်ငန်း ( အစုအဖွဲ့၊ အခြေခံငွေစုငွေချေး) | √ | | | | | | | **ရည်ရွယ်ချက်**: ချေးငွေရမှု ပိုမို တိုးတက် လာ<br>**အကျိုးခံစားသူများ**: အဖွဲ့ဝင်များ<br>**ရလဒ်**: ရှင်သန်လှုပ်ရှားနေသော ကိုယ့်အားကိုယ်ကိုးအဖွဲ့မှ တစ်ဆင့်ချေးငွေရရှိမှု ပိုများလာ |
| ၂။ Human and social development လူသားနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု | | | | | | | | | | |
| ၁၂ | ရွာကျောင်း ဆောက်လုပ်ခြင်း နှင့် ထိန်းသိမ်းခြင်း | ပညာရေး နှင့် စာတတ်မြောက်ရေး | √ | | | | | | | **ရည်ရွယ်ချက်**: ကျောင်းကောင်းကောင်းတွင် နေရရေး<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: ကျောင်းနေနှုန်းမြင့်ပြီး မူလတန်း အဆင့် ပညာရေးပြီးဆုံး |
| ၁၃ | တစ်ကိုယ်ရေ သန့်ရှင်းရေး နှင့် ကူးစက်ရောဂါ ပညာပေးရေး | ကျန်းမာရေးနှင့် အဟာရ | √ | | | | | | | **ရည်ရွယ်ချက်**: ကျန်းမာရေးအသိတိုးရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: ကျန်းမာရေးအသိတိုးပြီးကူးစက်ရောဂါ အဖြစ်များ၊ရောဂါအဖြစ်နှုန်းကျ |
| ၁၄ | ကန်တူးခြင်း၊ ပြုပြင်ခြင်း | ရေ၊ ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး | √ | | | | | | | **ရည်ရွယ်ချက်**: သန့်ရှင်းသော သောက်ရေ ပိုမိုရရှိလာရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: သန့်ရှင်းသော သောက်ရေပိုရပြီး: |

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ | ရင်းနှီးမြုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျ က် (ကျပ်) | အကောင် အထည်ဖော် မည့်အစီ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | ရေဆောင်ရောဂါအဖြစ် လျော့ကျ |
| ၁၅။ | ယင်လုံအိမ်သာ | ရေ၊ ဝန်းကျင်သန့်ရှင်းရေ နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး | √ | | | | | | | **ရည်ရွယ်ချက်**: ဆင်းရဲသားမိသားစုများတွင် ယင်လုံအိမ်သာ သုံးစွဲနိုင်ရေး<br>**အကျိုးခံစားသူများ**: ဆင်းရဲသော အိမ်ထောင်စုများ<br>**ရလဒ်**: ကျန်းမာရေးအဆင့် တက်လာပြီး ယင်ကောင်မှတဆင့် ကူးစက်ရောဂါလျော့ကျ |
| ၁၆။ | လူမှုရေးကူညီမှု လုပ်ငန်းများ ( လူမှုရေး ဝန်ဆောင်မှုများ၊ ငွေ(သို့မဟုတ်) ပစ္စည်းပေး၊ အစားအစာဈေး လျှော့ရောင်း | လူမှုကာကွယ်ရေး | | | | √ | | | | **ရည်ရွယ်ချက်**: လူမှုရေးအကူအညီလုပ်ငန်း များ ပိုမိုကျယ်ပြန့်ရန်<br>**အကျိုးခံစားသူများ**: ဆင်းရဲသား အိမ်ထောင်စုများ<br>**ရလဒ်**: လူထုစုစည်းအင်အားကောင်းလာပြီး လူမှုကူညီရေးလုပ်ငန်းများ ရရှိလာ |
| ၁၇။ | ရပ်ရွာ နေ့ကလေး ထိန်းကျောင်း ပညာရေး | ကလေးသူငယ်ဖွံ့ ဖြိုးရေး | | √ | | | | | | **ရည်ရွယ်ချက်**: နေ့ကလေးထိန်းကျောင်း ပညာရေးကို ခံစားရရှိလာနိုင်ရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုအားလုံး<br>**ရလဒ်**: ကလေးသူငယ်ပြုစုရေးနှင့်ဖွံ့ဖြိုးရေး |

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ | ရင်းနှီးမြှုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျ က် (ကျပ်) | အကောင် အထည်ဖော် မည့်အစီ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁၈ | ပြည်သူ့အားက စားလှုပ်ရှားမှု များ | ယဉ်ကျေးမှု နှင့် အားကစား | √ | | | | | | | **ရည်ရွယ်ချက်**: ပြည်သူ့အားကစား ဖွံ့ဖြိုးရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုအားလုံး<br>**ရလဒ်**: လူငယ်ဖွံ့ဖြိုးရေး တိုးတက်ရန် |
| ၁၉ | စီမံကိန်းများ တွင် ကျား/မ သဘောတရား ထည့်သွင်းစဉ်း စားရန် | ကျား/မ ဆိုင်ရာ ဖွံ့ဖြိုးရေးကဏ္ဍ | | | √ | | | | | **ရည်ရွယ်ချက်**: ကျား/မ ဆိုင်ရာ ဖွံ့ဖြိုးရေး<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: ကျား/မ ဆိုင်ရာ တန်းတူအခွင့်အရေး နှင့် အလေ့အထများ ပိုကောင်းပြီး ကျား/မ အခြေပြု အကြမ်းဖက်မှုများ လျှော့ချရေး |
| **၃။** | **သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆောက်အဦး နှင့် ဝန်ဆောင်မှု** | | | | | | | | | |
| ၂၀ | ကျေးရွာလမ်းမ များ ဖောက် လုပ်၊ ပြုပြင်၊ ထိန်းသိမ်းရေး | ကျေးရွာလမ်း သယ်ယူပို့ဆောင် ရေး အဆောက် အဦးကဏ္ဍ | √ | | | | | | | **ရည်ရွယ်ချက်**: ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေး တိုးတက်လာစေရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: လမ်းပန်းဆက်သွယ်ရေးနှင့် ကုန် ပစ္စည်းစီးဆင်းမှု ပိုမိုကောင်းမွန်လာစေရန် |
| ၂၁ | သယ်ယူပို့ဆောင် ရေး ဝန်ဆောင်မှု (ရေလမ်း၊ ကုန်း လမ်းပို့ဆောင် ရေး) | ကုန်းလမ်းပို့ ဆောင်ရေး၊ ရေလမ်းပို့ဆောင် ရေး ဝန်ဆောင်မှု | √ | | | | | | | **ရည်ရွယ်ချက်**: သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု တိုးတက်လာစေရန်<br>**အကျိုးခံစားသူများ**:အိမ်ထောင်စုတိုင်း<br>**ရလဒ်**:ရေလမ်း၊ ကုန်းလမ်းပို့ဆောင်ရေး ဝန်ဆောင်မှု တိုးတက်လာခြင်း |

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ | ရင်းနှီးမြုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျက် (ကျပ်) | အကောင် အထည်ဖော် မည့်အစီ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| **၄။ လျှပ်စစ်စွမ်းအင်** | | | | | | | | | | |
| ၂၂ | နေရောင်ခြည် စွမ်းအင်သုံး စနစ် | နေရောင်ခြည် စွမ်းအင်ကဏ္ဍ | √ | | | | | | | **ရည်ရွယ်ချက်**: လျှပ်စစ်စွမ်းအင်များ ပံ့ပိုးပေးရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: လူနေမှုပုံစံ နှင့် ပညာရေးတိုးတက်လာစေရန် |
| ၂၃ | အသေးစား ရေအား လျှပ်စစ် | ရေအားလျှပ်စစ် စွမ်းအင်ကဏ္ဍ | √ | | | | | | | **ရည်ရွယ်ချက်**: လျှပ်စစ်စွမ်းအင်များ ပံ့ပိုးပေးရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: လူနေမှုပုံစံ၊ အသေးစားစီးပွားရေး လုပ်ငန်းများ၊ ပညာရေးတိုးတက်လာစေရန် |
| **၅။ ဆက်သွယ်ရေး** | | | | | | | | | | |
| ၂၄ | သတင်းအချက် အလက်နှင့် နည်းပညာ ကွန်ယက်တည် ထောင်ခြင်း | သတင်းအချက် အလက်နှင့် နည်းပညာ ကွန်ယက် | √ | | | | | | | **ရည်ရွယ်ချက်**: အင်တာနက်၊ ဆက်သွယ် ရေးကွန်ယက် သုံးစွဲရရှိရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: သတင်းအချက်အလက် နှင့် ဆက်သွယ်ရေး နည်းပညာ၊ဗဟုသုတတိုးပွား ရရှိပြီး စီးပွားရေးဖွံ့ဖြိုးရန် |

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ | ရင်းနှီးမြုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျ က် (ကျပ်) | အကောင် အထည်ဖော် မည့်အစီ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၂၅ | ဒေသအတွင်း ပညာရေးကဏ္ဍ ၊ ရေဒီယို ထုတ်လုပ်မှု | ရေဒီယို နှင့် ဆက်သွယ်ရေး ကဏ္ဍ | | √ | | | | | | **ရည်ရွယ်ချက်**: ပညာရေး နှင့် အပန်းဖြေရေး လုပ်ငန်းများ တိုးတက်ရရှိစေရေး<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: ဗဟုသုတ တိုးပွား၊ ရေဒီယို ပညာရေး နှင့် ဖျော်ဖြေရေးမှတဆင့် ပျော်ရွှင်မှုရ |
| **၆။. ပတ်ဝန်းကျင် နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု** | | | | | | | | | | |
| ၂၆ | အလွှာအသီးသီး တွင် သဘာဝ ဘေး တားဆီး ကာကွယ်ရေး အသင့်ပြင်ဆင်မှု (သတိပေးစနစ်၊ အရေးပေါ်ရန်ပုံ ငွေ၊ ဘက်စုံသုံး အဆောက်အဦး စသည်) | သဘာဝဘေးအန္တ ရာယ်လျှော့ချရေး ကဏ္ဍ | | | √ | | | | | **ရည်ရွယ်ချက်**: သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိနှင့် ကြိုတင်ပြင်ဆင်မှု တိုးတက်စေရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**:သဘာဝဘေး အန္တရာယ်လျော့ကျရေး နှင့် အသင့်ပြင်ဆင်ပြီးဖြစ်သော ကျေးရွာလူထုကို ဖြစ်နေစေရေး |
| ၂၇ | အစုအဖွဲ့ပိုင် သစ်တောတည် ထောင်ခြင်း | အစုအဖွဲ့ပိုင် သစ်တောကဏ္ဍ | √ | | | | | | | **ရည်ရွယ်ချက်**: အစုအဖွဲ့ပိုင်သစ်တောမှ ဝင်ငွေတိုးတက်ရရှိရန်<br>**အကျိုးခံစားသူများ**: ဆင်းရဲသား |

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ | ရင်းနှီးမြုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျက် (ကျပ်) | အကောင် အထည်ဖော် မည့်အစီ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | မိသားစုများ<br>**ရလဒ်**: ပတ်ဝန်းကျင် ထိန်းသိမ်းရေးကျွမ်းကျင်မှု နှင့် အစုအဖွဲ့ပိုင်သစ်တောမှ ထွက်ရှိသော ထွက်ကုန်ကြောင့် ဝင်ငွေတိုး |
| ၂၈။ | သီးနှံစုံ စိုက်ပျိုးရေး နှင့် ဇီဝမျိုးစုံ ကြွယ်ဝရေး | ဇီဝမျိုးစုံ ကြွယ်ဝစေရေး ကဏ္ဍ | √ | | | | | | | **ရည်ရွယ်ချက်**: ရွာတွင် စိုက်ပျိုးရေး နှင့် ဇီဝမျိုးစုံ ကြွယ်ဝရေး တိုးတက်စေရန်<br>**အကျိုးခံစားသူများ**:အိမ်ထောင်စုအားလုံး<br>**ရလဒ်**: စိုက်ပျိုးရေး နှင့် ဇီဝမျိုးစုံ ကြွယ်ဝစေရန် ကာကွယ်ပေးခြင်းဖြင့် ပတ်ဝန်းကျင် ဂေဟစနစ်ပိုကောင်းလာစေရန် |
| ၇။. ပြည်သူ့ စီမခန့်ခွဲရေး နှင့် အုပ်ချုပ်ရေး | | | | | | | | | | |
| ၂၉ | အထွေထွေသုံး သင်တန်းခန်းမ | ပြည်သူ့အုပ်ချုပ် ရေး၊ ပြည်သူ လုံခြုံရေးကောင်း မွန်သော အုပ်ချုပ် မှု စနစ်၊ ကျေးရွာ အဆောက်အဦး ကဏ္ဍ | √ | | | | | | | **ရည်ရွယ်ချက်**:<br>အထွေထွေသုံးသင်တန်းခန်းမတည်ထောင်ရန်<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: သင်တန်းမျိုးစုံ ရခြင်းနှင့် လူမှုရေး အခန်းအနားများ ပြုလုပ်ရာတွင် အဆင်ပြေသဖြင့် ကျေးရွာလူထု၏ဗဟုသုတ တိုးပွားလာခြင်း |

| စဉ် | စီမံကိန်း | တာဝန်ယူ ဆောင်ရွက်မှုကို အခြေခံ | ရင်းနှီးမြှုပ်နှံမှု အခြေခံ ခွဲပေးခြင်း | | | | ဦး စား ပေး | ဘတ်ဂျ က် (ကျပ်) | အကောင် အထည်ဖော် မည့်အစီ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|---|---|---|---|
| **၈။. လုံခြုံရေး နှင့် ပြည်သူ့အန္တရာယ် ကင်းရှင်းရေး** | | | | | | | | | | |
| ၃၀။ | ကျေးရွာလူထုအတွက်စောစီးစွာ သတိပေးချက်များ ဆောင်ရွက်ခြင်း ဖြင့်ကူညီသည်။ | ပြည်သူစီမံအုပ်ချုပ်ရေး၊ အန္တရာယ် ကင်းရှင်းရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုကဏ္ဍ | | | | √ | | | | **ရည်ရွယ်ချက်**: သဘာဝဘေးအန္တရာယ်မကျမီ ကျေးရွာအားကြိုတင်ပြင်ဆင်မှုများ လုပ်နိုင်ရန် လှုံဆော်ပေးခြင်း<br>**အကျိုးခံစားသူများ**: အိမ်ထောင်စုတိုင်း<br>**ရလဒ်**: သဘာဝဘေးအန္တရာယ် လျော့နည်းစေခြင်း |

## ၁၁။ ဘတ်ဂျက် နှင့် ရန်ပုံငွေထည့်ဝင်မှု ဗျူဟာ

စီမံကိန်းဘတ်ဂျက်အား ကဏ္ဍကို အခြေခံ၍ ခွဲခြားခြင်း နှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ ခွဲခြားခြင်းဟူ၍ (၂)မျိုးရှိပါသည်။ ကဏ္ဍကို အခြေခံ၍ ခွဲခြားရာတွင်

(က) အခန်းကဏ္ဍ၊ အခန်းခွဲ နှင့် ကဏ္ဍခွဲများ

(ခ) စီမံကိန်းတစ်ခုအတွက် အရင်းအမြစ်များ– ပြင်ဆင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာတို့အတွက် တာဝန်ယူ၊ တာဝန်ခံခြင်းတို့ပြုလုပ်သည့် ဝန်ကြီးဌာန၊ ဦးစီးဌာနတို့နှင့် သက်ဆိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံခွဲခြားရာတွင်

သာမာန်အသုံးစရိတ် – ပါဝင်သည့် အသုံးစရိတ်များမှ တစ်နှစ်အတွင်း ကုန်ဆုံးသွားမည့်အမျိုးအစားများ၊ အမြဲတန်းလိုအပ်နေမည့် ပစ္စည်းများ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် နှစ်စဉ် ဖြည့်တင်းနေရမည့် အမျိုးအစားများအတွက် ကုန်ကျစရိတ်တို့ ဖြစ်ပါသည်။

ငွေလုံးငွေရင်းအသုံးစရိတ်– ပါဝင်သည့်အသုံးစရိတ်များမှ ရင်းနှီးမြုပ်နှံလိုက်သည့် သဘောသဘာဝရှိပါသည်။ ၎င်းတို့သည် ပုံသေကုန်ကျမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုတွင် အရင်းအနှီးအဖြစ်ရောက်သွားမည်ဖြစ်ပါသည်။ ဥပမာ ရုံးသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ (လမ်းဖောက်ခြင်း)၊စက်ယန္တရားများ စသဖြင့်–

| စဉ် | လုပ်ငန်း | ဘတ်ဂျက် | ကဏ္ဍ | ဦးစီးဌာန၊ ဝန်ကြီးဌာန | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းရည်မြှင့်တင်ရေးဘတ်ဂျက် | ရင်းနှီးမြုပ်နှံမှုပေါ်တွင်အသုံးစရိတ် | လူသားချင်းစာနာထောက်ထားရေးအထောက်အပံ့ |
|---|---|---|---|---|---|---|---|---|---|
| ၁။ | တံတားဆောက်ခြင်း | ၄၀၀၀၀ | အဆောက်အဦး | မရှိ/ ကျေးလက်ဦးစီး | ၄၅၀၀ | ၃၀၀၀၀ | ၅၅၀၀ | | |
| ၂။ | ရေကန် ပြုပြင်ခြင်း | ၅၀၀၀ | အဆောက်အဦး | မရှိ/ ကျေးလက်ဦးစီး | ၁၀၀၀ | ၃၅၀၀ | ၅၀၀ | | |
| ၃။ | ကျောင်းဆောက်ခြင်း | ၃၇၀၀၀ | အဆောက်အဦး | ပညာရေး ဦးစီးဌာန | ၂၀၀၀ | ၃၀၀၀၀ | ၅၀၀၀ | | |
| ၄။ | ဆည်မြောင်းအသေးစားတည်ဆောက်ခြင်း | ၂၅၀၀၀ | | မရှိ/ ကျေးလက်ဦးစီး | ၂၀၀၀ | | | ၂၃၀၀၀ | |
| ၅။ | ဆိုင်ကလုန်းခိုလှုံဆောင် | ၃၀၀၀၀ | | ဆောက်လုပ်ရေး ဦးစီးဌာန | ၁၅၀၀ | ၂၆၀၀၀ | ၂၅၀၀ | | |
| ၆။ | ဆားငံရေဝင်ရောက်ခြင်း | ၄၀၀၀၀ | လူသားချင်းစာနာထောက်ထားရေး | | | | | | |
| | စုစုပေါင်း | ၁၇၇၀၀၀ | | | ၁၁၀၀၀ | ၈၉၅၀၀ | ၁၃၅၀၀ | ၂၃၀၀၀ | ၄၀၀၀၀ |

(ဂ) စွမ်းရည်မြှင့်တင်ရေး အသုံးစရိတ်– နည်းပညာဖွံ့ဖြိုးရေး၊ အသင်းအဖွဲ့ဆိုင်ရာ ဖွံ့ဖြိုးရေးတို့အတွက် ရင်းနှီးမြုပ်နှံမှု ဖြစ်ပါသည်။ ဤအသုံးစရိတ်တွင် ဖွံ့ဖြိုးရေးဆိုင်ရာနည်းပညာပံ့ပိုးမှုများ၊ အသင်းအဖွဲ့စုစည်းတည်ဆောက်ရေး၊ စနစ်တကျ လည်ပတ်ရပ်တည်နိုင်သည့်အဖွဲ့အစည်းဖြစ်စေရေးအတွက် ကုန်ကျသောစရိတ်များ ပါ ဝင်သည်။ ဤစရိတ်တွင် နည်းပညာပံ့ပိုးရေး တစ်ကြိမ်သာ ကုန်ကျမည့် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံအုပ်ချုပ်မှုစနစ်များပေါ်ထွန်းရေး၊ အဖွဲ့အစည်းတစ်ခုအတွက် စနစ်များနှင့်လုပ်ထုံးလုပ်နည်းများ ပြုစု

ရေးအတွက် ကုန်ကျစရိတ်များ ပါဝင်ပါသည်။ စွမ်းရည်ဖွံ့ဖြိုးရေးဘတ်ဂျက်တွင် စွမ်းရည်မြှင့်တင်ရေးအတွက် သဘာဝအရဆက်စပ်နေသော သဘောတရားဆိုင်ရာ အနုစိတ်လုပ်ငန်းများအတွက် အသုံးစရိတ်များလည်း ပါဝင်ပါသည်။

(ဃ) ရင်းနှီးမြှုပ်နှံမှုပေါင်းစုံအတွက် အသုံးစရိတ်– ပါဝင်သော အသုံးစရိတ်များမှာ ရင်းနှီးမြှုပ်နှံမှု နှင့် စွမ်းရည်မြှင့်တင်ရေးအတွက်ပါဝင်ပြီး နှစ်ခုခွဲခြားရန် မလွယ်ပါ။ စီမံကိန်းဘတ်ဂျက်၏ ခွဲမရသော အသုံးစရိတ်ဖြစ်ပါသည်။ ဤအနေအထားတွင် စွမ်းရည် နှင့် ဝမ်းရေးဆိုင်ရာ ဘတ်ဂျက်အပိုင်းကို သီးခြားအဖြစ် ဖော်ပြ၍ မရနိုင်ပါ ။ (အဘယ့်ကြောင့်ဆိုသော် စွမ်းရည်မြှင့်တင်ရေးသည် ဤလုပ်ငန်း၏အဓိက ရည်ရွယ်ချက်မဟုတ်သောကြောင့် ဖြစ်ပါသည်။

(င) လူသားချင်းစာနာထောက်ထားသော အကူအညီ–ဤဘတ်ဂျက်သည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ၊ ဒေသအတွင်း ပြန်လည်ပေါင်းစည်းရေးအတွက် ကနဦး ပံ့ပိုးပေးသော ကုန်ကျစရိတ်မျိုး ဖြစ်သည်။ ဤအသုံးစရိတ်တွင် အစားအစာ၊ ရေ၊ ဆေးဝါး၊ အိမ်ဆောက်ပစ္စည်း၊ အရေးပေါ်ကျန်းမာရေး နှင့် အဟာရဆိုင်ရာ ပံ့ပိုးမှု၊ အပျက်အစီး၊ အမှိုက်သရိုက် ရှင်းလင်းရေးစသည့် အဆင်ပြေစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ပံ့ပိုးပေးသော ကုန်ကျစရိတ်များ ပါဝင်ပါသည်။

## ၁၂။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း (plan monitoring and assessment)

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းက ပိုမိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကြီးကြပ်စစ်ဆေးသုံးသပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ

- စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ။
- ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ ပြီးမြောက်အောင်မြင်မှုများအားလေ့လာခြင်းအားဖြင့် ၎င်းတို့၏အကျိုးရလဒ်များကိုကျွန်ုပ်တို့ ရှင်းလင်းစွာနားလည်သဘောပေါက်လာမည်။
- ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကိုဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေးဖြေရှင်းရမည်များကိုသတ်မှတ်ဆောင်ရွက်နိုင်ရန်၊

- ဆောင်ရွက်နေသောစီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍အသုံးပြုနေသော ဖွံ့ဖြိုးရေးဗျူဟာကိုချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးရေးအစီအစဉ်များရွေးချယ်ဆောင်ရွက်နိုင်ရန်၊
- နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများထံမှ လိုအပ်သောဖွံ့ဖြိုးရေးအကူအညီများတိတိကျကျ သတ်မှတ်နိုင်ရန်၊

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျကြီးကြပ်စစ်ဆေးပါမည်။၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။ အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။(၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report) ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ သည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

## (၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်(၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

## (ခ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သုံးသပ်ပွဲတွင်အောက်ပါအချက်များအပေါ် အဓိကအလေးထားဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သောအဓိကလက်ငင်းရလာဒ်များနှင့် အကျိုးသက်ရောက်မှုများ၊
- စီမံကိန်းတစ်ခုချင်းစီ၏ ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ်အကျိုးသက်ရောက်မှုများအားအကဲဖြတ်သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေးအတွက် ဗဟိုအဆင့်မှကူညီအားဖြည့်ရမည့်မူဝါဒနှင့် စီမံကိန်းအထောက်အပံ့များလိုအပ်မှုအခြေအနေ၊
- ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မှုမှရရှိသောသင်ခန်းစာများ (အခြားရွာများနှင့် အခြားဒေသရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်)
- ဘတ်ဂျက်ရရှိမှုနှင့် လုံလောက်မှုအခြေအနေ
- အကြံပြုသုံးသပ်ချက်များ

နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သုံးသပ်ပွဲအစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီကအနှစ်ချုပ်ပြုစု ပြင်ဆင်၍ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံအစီရင်ခံပါမည်။အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ၊၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင်အဓိကအကျဆုံးသောအရေးကြီးသည့် အကြောင်းအရာနှင့် စိန်ခေါ်မှုများ
- ပြုပြင်ဆောင်ရွက်ရမည့်အဆိုပြုအစီအစဉ်
- နိုင်ငံတော်အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီစသည်တို့ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည် ဖြစ်သည်။

## ၁၃။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖေါ်မည့်နည်းလမ်းနှင့် အစီအစဉ်များ

### (က)ကျေးရွာလူထု (လူထုခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ)ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

### (ဂ)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှု ပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၄။ ကျေးရွာဖွံ့ဖြိုးရေး အဆောက်အဦးများ အသုံးပြုခြင်း နှင့် ထိမ်းသိမ်းခြင်းအတွက် စုစည်းစီစဉ်မှု နှင့် ငွေကြေးဆိုင်ရာ ဆောင်ရွက်မှုအစီအစဉ်

မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် တွေ့ရလေ့ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ကဏ္ဍ | လုပ်ငန်း |
|---|---|
| စီးပွားရေးလုပ်ငန်း | • ငွေစုငွေချေးလုပ်ငန်း ( လှည့်ပတ်ရန်ပုံငွေ ) |
| | • ဆည်မြောင်းရေပေးရေးလုပ်ငန်း |
| | • ကျေးရွာဈေး |
| | • စပါးဘဏ် |
| လူမှုရေးဆိုင်ရာအဆောက်အဦး | • ကျောင်းအဆောက်အဦးဆောက်လုပ်ခြင်း |
| | • ကျေးလက်ကျန်းမာရေးဌာန |
| | • ရေ နှင့် သန့်ရှင်းရေး |
| | • ကျေးရွာခန်းမ |
| | • ဓမ္မာရုံ |
| သွားလာရေးဆိုင်ရာအဆောက်အဦး | • ဆိပ်ခံ တံတား၊ |
| | • လူသွားလမ်း၊ |
| | • တံတား |

| ကဏ္ဍ | လုပ်ငန်း |
| --- | --- |
| သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းခြင်းလုပ်ငန်း | • လျှပ်စစ်ဓါတ်အားပေးစက်၊<br>• ရေတားတမံ<br>• ရေနုပ်မြောင်း<br>• ကျေးရွာပိုင် သစ်တော |

တည်ဆောက်ပြီးအဆောက်အဦးများသုံးစွဲရန်နှင့် ပြင်ဆင်ထိမ်းသိမ်းရန်အတွက် ကောင်းမွန်သည့်စုစည်းမှုအစီအစဉ်နှင့် ငွေကြေးဆိုင်ရာ ဆောင်ရွက်မှု အစီအမံများရှိရန်အတွက် အရေးကြီးပါသည်။

သို့မှသာ ရေရှည်တည်တံ့ခိုင်မြဲမှုရှိပြီး လုပ်ငန်းမှအကျိုးခံစားရပါမည်။ မြန်မာနိုင်ငံ ကျေးလက်ဒေသအခြေအနေအရ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ ဆောင်ရွက်မှုကို အခြေခံ၍ အောက်ပါလမ်းသွယ်များအတိုင်း ခွဲခြားထားပါသည်။

**လမ်းသွယ် (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အခြေပြု သုံးစွဲသူအစုအဖွဲ့**

သုံးစွဲသူအစုအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများအနက် အများဆုံးတွေ့ရသော အစုအဖွဲ့ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းမှ ထွက်ပေါ်လာသည့်အကျိုးကို သုံးစွဲသူအဖွဲ့သားများမှ တိုက်ရိုက်ခံစားရပါသည်။ ဤအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်(၁)ဦး၊ ငွေကောက်ခံသူ၊ ငွေထိမ်း၊ စာရင်းကိုင်တစ်ဦးစီ နှင့် ကျန်အဖွဲ့ဝင်တစ်ဦး (သို့မဟုတ်) နှစ်ဦးပါရှိပါမည်။ သူတို့သည် ဆည်ရေသုံးစွဲသူများကို ကိုယ်စားပြုသည်။ လုပ်ငန်းကုန်ကျစရိတ်မှာ ရေတံခါးအဖွင့်အပိတ်လုပ်အားခ၊ မြောင်းပြင်ဆင်ထိမ်းသိမ်းခ၊ ပစ္စည်းဖိုးနှင့် သယ်ယူပို့ဆောင်ခစရိတ် တို့ပါဝင်ဝါသည်။

ကောက်ခံရရှိသောငွေကို အထက်ပါကိစ္စများအတွက်သုံးပါမည်။ ရံဖန်ရံခါ အသုံးပြုသူအချင်းချင်းအငြင်းပွားမှုဖြစ်လျှင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဖြေရှင်းပေးပါမည်။ အများအမြင်ရှင်းစေရန်အတွက် ဤအဖွဲ့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီသို့ ငွေကြေးဆိုင်ရာကိစ္စများ အပါအဝင်ကိစ္စအဝဝကို အစီရင်ခံစာတင်သွင်းရပါမည်။ အသားတင်ပိုငွေကို ဘဏ်တွင်အပ်နှံထားရမည်။(ငွေမများပါက ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီမံမှုအောက်တွင်ထားရှိပါမည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာလူထု၊ ကျေးရွာအာဏာပိုင်အဖွဲ့အစည်း နှင့် တိုင်ပင်၍ ပိုငွေ၏တစ်စိတ်တစ်ပိုင်းအနည်းငယ်ကို ကျေးရွာဖွံ့ဖြိုးရေးပင်မရန်ပုံငွေတွင် ထည့်သွင်းပြီး တစ်ရွာလုံးအတွက် အကျိုးပြုသော လုပ်ငန်းများတွင် အသုံးပြုပါမည်။

စပါးဘဏ်တွင် အဖွဲ့ဝင်(၅)ဦးပါ ကော်မတီဖြင့် စီမံခန့်ခွဲခြင်းသည် ထိရောက်ကြောင်းတွေ့ရှိရပါသည်။ ကော်မတီက ခေါင်းဆောင်(၁)ဦး၊ စာရင်းကိုင်(၁)ဦး၊ သော့ကိုင်(၁)ဦး နှင့် အခြား(၂)ဦးမှာ အဖွဲ့ဝင်ဖြစ်ပါသည်။ ၎င်းတို့ကို ကျေးရွာမှ (သို့မဟုတ်) စပါးဘဏ်အဖွဲ့မှ ရွေးချယ်ပါသည်။

စည်းမျဉ်းစည်းကမ်းအနေနှင့် ပြန်ဆပ်ငွေကို အသုံးပြုသူများ အဖွဲ့အစည်းမှသဘောတူသတ်မှတ်ပါသည်။ အများအားဖြင့် စပါးပြန်ဆပ်ရသည့်အတွက် စပါးဈေးနှုန်းတက်မှုက မထိခိုက်စေပါ။ အတိုးနှုန်းကို ဆင်းရဲသားမိသားစုများ၏ ဆပ်နိုင်သည့်အတိုင်းအတာဖြင့် ကောက်ခံသည်။ လုပ်ငန်းစရိတ်အနေနှင့် စပါးကျီပြင်ဆင်ခ၊ သယ်ယူပို့ဆောင်ခ နှင့် အိတ်၊ တင်းတောင်းတို့ဝယ်ယူရပါမည်။ ကော်မတီမှ အဆိုပြုပြီး အဖွဲ့ဝင်များ၏ သဘောထားရယူကာ ရရှိသည့်အသားတင်အတိုးအပွားကို အဖွဲ့ဝင်အသစ်များသို့ တိုးချဲ့ပေးပါမည်။ ထို့ပြင် ရွာတွင် ထိခိုက်သက်ရောက်လွယ်ဆုံးမိသားစုများနှင့်သက်ကြီးရွယ်အိုများအား လှူဒါန်းပါမည်။ သုံးစွဲသူများအဖွဲ့မှ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသို့အဖွဲ့၏ ဘဏ္ဍာရေးအခြေအနေနှင့် လည်ပတ်လုပ်ဆောင်မှုတို့ကို အစီရင်ခံပါမည်။ ပိုလျှံငွေကိုကျေးရွာဖွံ့ဖြိုးရေး ငွေစာရင်းတွင် အပ်နှံထားရပါမည်။

အခြားသုံးစွဲသူအစုအဖွဲ့တစ်ခုမှာ ကျေးရွာပိုင်သစ်တောအစုအဖွဲ့ ဖြစ်ပါသည်။ အစုအဖွဲ့သည် လုပ်ငန်းအစီအစဉ်အရ လုပ်ဆောင်ပြီး အကျိုးအမြတ်ကို အဖွဲ့ဝင်များ မျှဝေခံစားပါမည်။

## လမ်းသွယ် (၂) သက်ဝင်ယုံကြည်သော ဘာသာရေး အခြေပြုအဖွဲ့

မြန်မာနိုင်ငံသည် ဘာသာရေးအခြေပြုအဖွဲ့အစည်းများက ဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံခန့်ခွဲမှုနှင့် တိုးချဲ့လုပ်ဆောင်မှုတွင် ပါဝင်လုပ်ဆောင်သည့်အလေ့အထရှိသောနိုင်ငံဖြစ်ပါသည်။ ဤအဖွဲ့အစည်းများသည် ကျေးလက်လူထုကိုစုစည်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ သူတို့သည် ရေနှင့် သန့်ရှင်းရေး၊ ကျေးရွာ ငွေစုငွေချေးလုပ်ငန်း၊ စပါးဘဏ်၊ အစုအဖွဲ့ပိုင်သစ်တော၊ ကျေးရွာမီးလင်းရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပြင်ဆင်ထိမ်းသိမ်းခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်ပါမည်။

အမှုဆောင်အဖွဲ့သည်လုပ်ငန်းဆောင်ရွက်ခြင်း၊ ပြင်ဆင်ထိမ်းသိမ်းခြင်းတို့ကို စီမံခန့်ခွဲသည့်ပင်မအဖွဲ့ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကအဖွဲ့အစည်းများကို စီမံအုပ်ချုပ်သကဲ့သို့ အလုပ်လုပ်ကြပါသည်။

ဤအဖွဲ့များ အလုပ်လုပ်ပုံမှာ ဥပမာအားဖြင့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတွင် အမှုဆောင်ကော်မတီက သုံးစွဲသူအဖွဲ့ ဖွဲ့စည်းရန်နှင့် မြေသုံးစွဲခွင့်ရရှိအောင် လုပ်ဆောင်ပါသည်။ ပြင်ပအဖွဲ့အစည်းမှ ငွေကြေးနှင့်နည်းပညာ ပံ့ပိုးမှုရရှိအောင် ဆောင်ရွက်ပါသည်။ အဖွဲ့သားများထံမှ ငွေကြေး၊ လုပ်အား၊ ပစ္စည်းထည့်ဝင်မှုကိုရရှိအောင်ဆောင်ရွက်သည်။ အလုပ်အမှုဆောင်အဖွဲ့၏ကြီးကြပ်မှုဖြင့် အသုံးပြုသူများပါဝင်သော

စီမံခန့်ခွဲရေးကော်မတီသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်သော ရေလောင်း၊ ပေါင်းသင်၊ မြေဆီထည့်၊ ခြံကာခြင်း နှင့် အခြားလုပ်ငန်းများကို လုပ်ဆောင်ပါသည်။

**လမ်းသွယ်(၃)　　　ကိုယ့်အားကိုယ်ကိုးအဖွဲ့**

**ငွေစုငွေချေးအသင်း**

ငွေစုငွေချေးအသင်းသည် အစုအဖွဲ့ ဖွဲ့ရန်လိုအပ်ပါသည်။ အဖွဲ့ဖွဲ့ရာတွင် စီးပွားရေးအဆင့်တူပြီး အပြန်အလှန်နားလည်မှုရှိသူများ စုဖွဲ့လေ့ရှိပါသည်။ အနည်းဆုံးအနေဖြင့် (၅)ဦးမှ (၁၀)ဦးပါဝင်ပြီး အချင်းချင်းယုံကြည်မှု တည်ဆောက်ရပါမည်။ တစ်ဦး နှင့် တစ်ဦး ယုံကြည်မှုနှင့်ဆက်နွယ်မှုအရ အပြန်အလှန် အာမခံကြရပါသည်။ အဖွဲ့ဝင်များသည် အစုအဖွဲ့အလိုက် လုပ်ဆောင်ခြင်း၏ညီညွတ်ခြင်း၊ တစ်သားတည်းဖြစ်ခြင်း၊ အမြင်ရှင်းခြင်း၊ တာဝန်ခံခြင်းတို့ကို နားလည်ရပါမည်။ ရှင်သန်တက်ကြွသောအဖွဲ့ဖြစ်ရန်အတွက် အရည်အချင်းရှိပြီး အဖွဲ့ကိုနှစ်နှစ်ကာကာသက်ဝင်ယုံကြည်သောသူ ဖြစ်ရမည်။ စည်းရုံးရေးမှူး၊ စာရင်းကိုင်၊ ငွေထိမ်း၊ သော့ကိုင် နှင့် စာရင်းစစ် တစ်ဦးစီရှိရမည်။ ရေရှည်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖနှင့် အာဏာပိုင်များနှင့် လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပံ့ပိုးမှုများ ရယူရပါမည်။

အဖွဲ့သားများ၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းပုံဆိုင်ရာစာတမ်းကိုပြုစုရပါမည်။ ပုံမှန်အစည်းအဝေးတက်ခြင်း အချိန်ကာလ သတ်မှတ်ချက်အတိုင်း ပုံမှန်ငွေစုခြင်း၊ ပုံမှန်အရင်းနှင့်အတိုးကိုပြန်ဆပ်ခြင်း စသည်တို့သည် ရှင်သန်တက်ကြွသောငွေစုငွေချေးအဖွဲ့တစ်ဖွဲ့၏ အရေးကြီးသောအင်္ဂါရပ်များဖြစ်ပါသည်။ စနစ်တကျမှတ်တမ်းမှတ်ရာထားရှိခြင်းနှင့် အခြေခံစာရင်းကျွမ်းကျင်မှုတို့သည် အဖွဲ့၏အရည်အသွေးကို မြင့်တက်စေပါသည်။

စုဆောင်းရရှိသည့် အတိုးငွေသည် အဖွဲ့၏ အဓိကဝင်ငွေဖြစ်ပါသည်။ သို့သော် အတိုးနှုန်းသည် ဆင်းရဲသားများ တတ်နိုင်သောအတိုင်းအတာသာ ဖြစ်ရပါမည်။ ချေးငွေစီစစ်အကဲဖြတ်ခြင်းကို ချေးလိုသော ရည်ရွယ်ချက်၏ သဘာဝကျမှု၊ ယုံကြည်ရမှု၊ ပြန်ဆပ်နိုင်မှုတို့ပေါ်တွင် မူတည်၍ လုပ်ရပါမည်။ အစည်းအဝေးမှတ်တမ်းအပြင် အဓိကစာအုပ် (၄)အုပ်ကို ထားရှိရပါမည်။ ၎င်းတို့မှာ စုဆောင်းငွေမှတ်တမ်း၊ ချေးငွေ နှင့် ပြန်ဆပ်ငွေမှတ်တမ်း၊ တစ်ဦးချင်းစာအုပ် နှင့် အထွေထွေလယ်ဂျာတို့ ဖြစ်ပါသည်။

## လမ်းသွယ် (၄)　　အုပ်ချုပ်ရေးကော်မတီ

အချို့သော သတ်မှတ်ချက်လုပ်ငန်းများအတွက် ကျေးရွာသည် စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းရန် လိုအပ်ပါသည်။ (ဘာသာရေး အခြေပြု အဖွဲ့အစည်းများ) သို့မဟုတ် ကျေးရွာဈေးကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ဆောင်မှုတစ်ရပ်ကိုလုပ်ရန် အဖွဲ့အစည်းတစ်ရပ်ကိုလုပ်ရန် အဖွဲ့အစည်း တစ်ရပ်ကို ဖွဲ့စည်းရပါမည်။

### ကျေးရွာဈေး

အဓိကလုပ်ဆောင်မည့်အဖွဲ့အစည်းမှာ စီမံခန့်ခွဲရေးကော်မတီ ဖြစ်ပါသည်။ ဤအဖွဲ့ကို ကျေးရွာရပ်မိရပ်ဖ၊ ရပ်ရွာမှ ယုံကြည်ကိုးစားသူ၊ စေတနာ့ဝန်ထမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကိုယ်စားလှယ်တို့ပါဝင်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဦးဆောင်ရပါမည်။

ဈေးဆိုင်များနေရာချထားရေး၊ အဆောက်အဦးဆောက်လုပ်ခြင်း(ယာယီသာမာန်ဆိုင်ခန်း)၊ သန့်ရှင်းရေးကိစ္စများကို စီစဉ်ရပါမည်။ ကုန်ကျစရိတ်ကို ကောက်ခံရငွေမှ သုံးရပါမည်။

ပုံမှန်အားဖြင့် ကျေးရွာဈေးဖွင့်ပေးခြင်းသည် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏လုပ်ငန်းတစ်ခုဖြစ်ပါသည်။ အကယ်၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါ ပါ က နည်းပညာနှင့် ငွေကြေးဆိုင်ရာအကူအညီတို့ပေးနိုင်သည့်အနေအထား ဖြစ်ပါသည့်အနေအထား ရှိပါသည်။

### ကျေးရွာအဆောက်အဦးလုပ်ငန်း

ဆိပ်ခံတံတား၊ လူသွားလမ်း၊ ကျေးရွာမီးလင်းရေး၊ ကျေးလက်ကျန်းမာရေးဌာနကဲ့သို့သော ကျေးရွာအဆောက်အအုံဆိုင်ရာ လုပ်ငန်းများတွင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ စီမံခန့်ခွဲ တာဝန်ယူရပါသည်။ စီမံခန့်ခွဲရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် အခြားအဖွဲ့များနှင့် တိုင်ပင်ညှိနှိုင်း၍ နိုင်ငံတော်ကျေးရွာလူထု ပုဂ္ဂလိကအဖွဲ့အစည်းနှင့် တစ်ဦးချင်းအလှူရှင်များထံမှ ငွေကြေးစုဆောင်းကောက်ခံရပါမည်။

### ငွေစုငွေချေးအစုအဖွဲ့

မြန်မာနိုင်ငံတွင် အစုအဖွဲ့မျိုးသည် ဘာသာရေးအခြေပြုအဖွဲ့များ၊ အထူးသဖြင့် ခရစ်ယာန်ဘာသာဝင်တို့၏ အစုအဖွဲ့များတွင် ပြုလုပ်ကြပါသည်။ ဗဟိုငွေချေးအဖွဲ့ပုံစံဖြင့် ချေးငွေလုပ်ငန်းကို လုပ်ကြပါသည်။ ဘုရားကျောင်း အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင်

ရွာသူရွာသားများ ငွေစုကြရန် စည်းရုံးဆော်သြပြီး ချေးငွေထုတ်ချေးခြင်း၊ စီမံခန့်ခွဲမှုအထွေထွေကို ဆောင်ရွက်ကြပါသည်။ ရန်ပုံငွေကို အပြည်ပြည်ဆိုင်ရာ အလှူရှင်အဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အသင်းသားများ၏ စုငွေနှင့် အတိုးငွေတို့ဖြင့် လည်ပတ်ပါသည်။

**လမ်းသွယ်(၅) ညွှန်ကြားချက်အရ ဖွဲ့ထားသော အဖွဲ့များ (ဥပမာ– မိဘဆရာအသင်းအဖွဲ့)**

ညွှန်ကြားချက်အရ ဖွဲ့ထားသော အဖွဲ့များတွင် ကျောင်းအုပ်မှ ဦးစီးပြီး ကျောင်းဆရာ/ဆရာမ၊ ကျောင်းသားမိဘ၊ ရွာမိရွာဖ နှင့် ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူတို့ ပါဝင်သည်။ အဓိကငွေကြေးရရှိရာ လမ်းကြောင်းမှာ ပညာရေးဌာနဖြစ်သည်။ ပုဂ္ဂလိကစေတနာရှင်များနှင့် ရွာသူရွာသားများ၏ တတ်အားသရွေ့ သင့်တင့်မျှတသော ထည့်ဝင်မှုမှ ရပါသည်။ ကျေးရွာရှိ လူငယ်အဖွဲ့၊ လူကြီးအဖွဲ့၊ အမျိုးသမီးအဖွဲ့ စသည်ဖြင့် အားလုံးပါဝင်၍ ကျေးရွာပြုပြင်ရေးတွင် လုပ်အားပါဝင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့မှ တောင်းခံသော အကူအညီကို ပေးကြပါသည်။

**လမ်းသွယ်(၆) လူမှုရေးအဖွဲ့ ( သာရေးနာရေးအဖွဲ့ )**

ဤအဖွဲ့သည် ကျေးရွာ၏ ထုံးတမ်းစဉ်လာအရ တည်ရှိခဲ့သည့် ရွာသူရွာသားများ၏ စွမ်းအားထုကြီးပင်ဖြစ်ပါသည်။ ဆင်းရဲချမ်းသာ မရွေး တစ်ရွာလုံးအဖွဲ့ဝင်များဖြစ်ပါသည်။ ရန်ပုံငွေစုဆောင်းခြင်းကို လုပ်ဆောင်ရမည့် လုပ်ငန်း၏ရည်ရွယ်ချက်အရ ကောက်ခံရပါမည်။ ဥပမာ– တစ်ဦးတစ်ယောက်သေဆုံးလျင် တစ်ရွာလုံးလိုလိုမှ ငွေ (သို့မဟုတ်) ပစ္စည်းကို စုပေါင်းထည့်ဝင်၍ ဤအဖွဲ့မှတဆင့် ကာယကံရှင်မိသားစုအားပေးပါသည်။ ကျေးရွာတစ်ခုလုံးမှ မြို့နယ်သို့ ထည့်ဝင်ရမည့်ငွေကြေး၊ ထည့်ဝင်ရမည့် ကိစ္စများရှိပါကလည်း လူတို့၏ ချောင်လည်တတ်နိုင်မှုပေါ်မူတည်၍ ရွာမှသတ်မှတ်ထားသောနှုန်းအတိုင်း အိမ်ထောင်စုများမှ ကောက်ခံရပါသည်။ အလွန်အမင်း အခက်အခဲရှိသော အချို့သောအိမ်ထောင်စုများကိုမူ ကင်းလွတ်ခွင့်ပေးထားပါသည်။ ဤကောက်ခံငွေသည် လက်ငင်းကိစ္စတစ်ခုတည်းအတွက် ကောက်ခံခြင်းဖြစ်ပါသည်။ ရွာရှိ အလှူအသီးသီး၊ အစုအဖွဲ့အသီးသီးတို့မှ ပါဝင်ကြပါသည်။ ကောက်ခံငွေမှာ ပြဋ္ဌာန်းအတည်ပြု ထားသော နှုန်းထားအတိုင်းဖြစ်ပါသည်။ တစ်ခါတစ်ရံ ရွာအနေဖြင့် ပြင်ပစေတနာ အလှူရှင်များကိုလည်း ရှာဖွေကြပါသည်။

နောက်ဆက်တွဲများ

ဇယားများ

ကိုးကားစာအုပ်စာတမ်းများ

